# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
# (၂၅)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက်**

**(၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်)**

**(သောကြာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ကို နံနက် ၁၀း၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၁၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၃၅၂ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၂.၆၃ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးခင်မောင်သိန်း(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က စုစည်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့ တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၃၅၂ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၁၀ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ ကိုယ်စားလှယ်တွေကတော့-

(၁) ဇီးကုန်းမဲဆန္ဒနယ်မှ ဦးဉာဏ်ထွန်း ခွင့် ၁ ရက်၊

(၂) ရမည်းသင်းမဲဆန္ဒနယ်မှ ဦးကိုကိုနိုင် နံနက်ပိုင်း၊

**မူကြမ်း**

(၃) ကိုကိုးကျွန်းမဲဆန္ဒနယ်မှ သူရဦးသက်ဆွေ ခွင့် ၁ ရက်၊

(၄) ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ဦးလုံဂျုံဆန်မိုင် ခွင့် ၁ ရက်၊

(၅) ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင် ခွင့် ၁ ရက်၊

(၆) နတ်မောက်မဲဆန္ဒနယ်မှ ဦးအောင်တင်လင်း ခွင့် ၁ ရက်၊

(၇) ဆောမဲဆန္ဒနယ်မှ ဦးကျော်တင် ခွင့် ၁ ရက်၊

(၈) မင်းတပ်မဲဆန္ဒနယ်မှ ဦးနေလင်းအောင် ခွင့် ၁ ရက်၊

(၉) မင်းပြားမဲဆန္ဒနယ်မှ ဦးစစ်နိုင် ခွင့် ၁ ရက်နှင့်

(၁၀) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးစိုင်းအိုက်လှ ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၆၄ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၁၀ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၇၄ ဦး ရှိပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၆၄ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၀ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၇၄ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**မြို့နယ်စာရင်းစစ်ရုံးများတွင် မြို့နယ်စာရင်းစစ်အရာရှိအဆင့်ကို လက်ထောက်ညွှန်ကြားရေးမှူးအဆင့်သို့ တိုးမြှင့်သတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသန်းစိုး(သာစည်ဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ သာစည်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသန်းစိုး ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းက ပထမအကြိမ် ပြည်သူ့လွှတ်တော် မှာ မေးခဲ့ပြီးမေးခွန်းဖြစ်ပါတယ်။ မေးခဲ့ပြီး ကတိကဝတ်ဖြစ်ခဲ့ပေမယ့် ပြီးပြတ်အောင် ဆောင်ရွက် နိုင်ခြင်း မရှိတဲ့အတွက် ဒီမေးခွန်းကို ထပ်မံမေးရခြင်းဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ သာစည်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုး ကျွန်တော်ဟာ ဒသမပုံမှန် အစည်းအဝေးမှာ မြို့နယ်စာရင်းစစ်အရာရှိများကို လက်ထောက် ညွှန်ကြားရေးမှူး အဆင့်သို့ တိုးမြှင့်သတ်မှတ်ပေးရန်အစီအစဉ်ရှိ/မရှိကို ကြယ်ပွင့်ပြမေးခွန်းအဖြစ် မေးခဲ့ပါတယ်။ ဒါပေမဲ့လည်း ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ လက်ရှိအစိုးရသက်တမ်းကာလအတွင်း ပြီးပြတ်အောင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိတဲ့အတွက် နောင်ဘဏ္ဍာနှစ်များတွင် ဖွဲ့စည်းပုံတိုးချဲ့ ခွင့်ပြု ချက်နှင့်အညီ ရန်ပုံငွေရရှိခဲ့ပါက ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ မြို့နယ်စာရင်းစစ်ရုံး များမှ စာရင်းစစ်အရာရှိများကို လက်ထောက်ညွှန်ကြားရေးမှူးအဆင့်သို့ တိုးမြှင့်သတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိ သိလိုပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမော်သန်း(ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်များခင်ဗျား။ ဒီမေးခွန်းမေးတဲ့အတွက် ပထမဦးဆုံး အရင် ကျေးဇူးတင်ရှိချင်ပါတယ်။ မြို့နယ်စာရင်းစစ်ရုံးများ၏ ရုံးအကြီးအကဲကို မြို့နယ်စာရင်းစစ်အရာရှိအဆင့်မှ လက်ထောက်ညွှန်ကြားရေးမှူးအဆင့်သို့ တိုးမြှင့်သတ်မှတ်ပေးနိုင်ရန် ကတိကဝတ်ဖြစ်ပေါ်ခဲ့ပါတယ်။ လုပ်ငန်းမှာ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ဝန်ထမ်း ဖွဲ့စည်းပုံကို တိုးချဲ့ခွင့်ပြုပေးနိုင်ရန် ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်နေ့ ကျင်းပသော စီမံကိန်းနှင့် ဖွဲ့စည်းပုံစိစစ်ရေးအဖွဲ့၏ အစည်းအဝေးအမှတ်(၈/၂၀၁၄)ဖြင့် ထောက်ခံသဘောတူညီချက် ရရှိခဲ့ပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့ အမှာစာဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဆက်လက်တင်ပြခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၄/၂၀၁၅)တွင် နိုင်ငံတော်သမ္မတက ဖွဲ့စည်းပုံအင်အား တိုးချဲ့ခြင်းနှင့်ပတ်သက်၍ ယခုဘတ်ဂျက်နှစ်အတွင်း အရေးကြီးပြီး အမှန်လိုအပ်သော ပညာရေး၊ ကျန်းမာရေးဝန်ကြီးဌာနများမှအပ ကျန်သည့်ဌာနများကို ခေတ္တရပ်ဆိုင်းထားရန်ပြောကြားထားသဖြင့် ယခု ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ဖွဲ့စည်းပုံအား ခေတ္တဆိုင်းငံ့ထားရန်ဖြစ်ကြောင်း ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြန်ကြားလာပါသဖြင့် လွှတ်တော်ကိုယ်စားလှယ်၏ တင်ပြ ထားသည့် ကတိကဝတ်လုပ်ငန်းကို ဆိုင်းငံ့ထားရခြင်းဖြစ်ပါတယ်။ ယခု အရပ်သားအစိုးရလက်ထက်တွင် ယင်းကိစ္စကို နိုင်ငံတော်၏မူ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ရသုံး မှန်းခြေငွေစာရင်းဦးစီးဌာနတို့၏ သဘောထားမှတ်ချက်များရယူ၍ စီမံကိန်းနှင့်ဖွဲ့စည်းပုံစိစစ်ရေးအဖွဲ့သို့ တင်ပြရပါ့မည်။ ယခု ထိုမှတဖန် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ရယူ၍ ဆက်လက်ဆောင်ရွက်သွားရပါ့မည်။ ယင်းသို့ မြို့နယ်စာရင်းစစ်ရုံးတွင် မြို့နယ် စာရင်းစစ်အရာရှိမှ လက်ထောက် ညွှန်ကြားရေးမှူးအဆင့်သို့ တိုးမြှင့်ပေးပါက ခရိုင်စာရင်းစစ်ရုံး များတွင်လက်ထောက်ညွှန်ကြားရေးမှူးမှ ဒုတိယညွှန်ကြားရေးမှူးအဆင့်သို့လည်း တိုးမြှင့်ပေးရန် လိုအပ်လာပါတယ်။ ယင်းသို့ တိုးမြှင့်ရသည့်အတွက် ဝန်ထမ်းလစာများ တစ်နှစ်လျှင် ကျပ်သန်း ၁၁၀၄.၁၂ ပိုမိုကုန်ကျလာပြီး နိုင်ငံတော်၏ဘဏ္ဍာငွေများ ပိုမိုကုန်ကျလာမည်ဖြစ်ပါတယ်။ ယခုအခါ အရပ်သားအစိုးရလက်ထက်တွင် နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေကို လိုငွေပြဘတ်ဂျက်မှ ညီမျှခြေ ဘတ်ဂျက်သို့ ရောက်အောင် ဦးတည်ဆောင်ရွက်နေပြီး ကုန်ကျစရိတ်များကို ခြိုးခြံချွေတာနေသည့် အတွက်ကြောင့်

**မူကြမ်း**

လည်းကောင်း ပြည်ထောင်စုအဆင့်တွင်ပင် ဝန်ကြီးဌာနများအချို့ ပေါင်းစပ်ခြင်းအပြင် များပြားသော အလုပ်အသစ်များကိုပင် ဒုတိယဝန်ကြီးများ မခန့်အပ်တော့ဘဲ ကျစ်လျစ်သိပ်သည်း စွာဖြင့် နိုင်ငံတော် ဘဏ္ဍာရန်ပုံငွေအနည်းဆုံးဖြင့် အကောင်းဆုံး လုပ်ငန်းစွမ်းဆောင်ရည်ရှိအောင် ဆောင်ရွက် နေသည့် အတွက်ကြောင့်လည်းကောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ ပုဒ်မ ၃၄ ပါ စာရင်း စစ်ချုပ်ရုံး အဆင့်ရှိ စာရင်းစစ်အရာရှိများ၏ တာဝန်ဝတ္တရားများကို စွမ်းရည်ပြည့်ဝစွာ လုပ်ကိုင် ဆောင်ရွက် နိုင်ရန်သာ ပဓာနကျသည့်အတွက်လည်းကောင်း လွှတ်တော်ကိုယ်စားလှယ် တင်ပြ လာသည့် မြို့နယ် စာရင်းစစ်ရုံးများတွင် မြို့နယ်စာရင်းစစ်အရာရှိမှ လက်ထောက် ညွှန်ကြားရေးမှူး ရာထူးသို့ တိုးမြှင့်ပေးရန် မဖြစ်နိုင်သေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင် ပါတယ်။

**သံတွဲမြို့နယ်ရှိ သူဌေးရေအားလျှပ်စစ်စီမံကိန်းကို မည်သည့်ကာလတွင် ပြီးစီးအောင်ဆောင်ရွက် ပေးမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သံတွဲမဲဆန္ဒနယ်မှ ဦးမင်းကြည် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမင်းကြည်(သံတွဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြသော ဧည့်သည် တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ သံတွဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းကြည် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်အတွင်းရှိ မဂ္ဂါဝပ် ၁၁၁ ထုတ်လုပ်နိုင်တဲ့ သူဌေးချောင်းရေအားလျှပ်စစ် စီမံကိန်းကို ၂၀၀၅ ခုနှစ်မှစ၍ အကောင်အထည်ဖော်ခဲ့ရာ ယခုအချိန်ထိ ပြီးစီးမှုမရှိတာကို တွေ့ရတဲ့ အတွက် မည်သည့်အချိန်တွင် ပြီးစီးအောင်ဆောင်ရွက်နိုင်ပါမည်နည်းဆိုတဲ့ မေးခွန်းကို မေးမြန်းလိုပါ တယ်။ ဆက်လက်ပြီးတော့ ရေအားလျှပ်စစ်စီမံကိန်းက လျှပ်စစ်ဓာတ်အားကို ဒေသဖွံ့ဖြိုးရေးအတွက် စီမံကိန်းမည်သည့်အချိန်တွင် ဆက်လက်အကောင်အထည်ဖော် ဖြန့်ဖြူးဆောင်ရွက်ပေးနိုင်ပါမည်နည်း ဆိုတာကိုလည်း ဆက်လက်ပြီးမေးလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော် ရေးဦးစီးဌာနဟာ နိုင်ငံတော်အတွင်း ပေါကြွယ်ဝတဲ့ ရေအရင်းအမြစ်များမှ ရေအားလျှပ်စစ်ထုတ်လုပ် ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်အကောင်အထည်ဖော်ရာမှာ အဓိက ပါဝင်ဆောင်ရွက်ရန်ဟူသော ဦးတည်ချက်များနှင့်အညီ ရေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည်

ဖော်ဆောင်ရွက်လျက်ရှိရာ ရခိုင်ပြည်နယ်(တောင်ပိုင်း) သံတွဲမြို့နယ်အတွင်းရှိ မဂ္ဂါဝပ် ၁၁၁ ရှိ သူဒွေးချောင်းရေအားလျှပ်စစ်စီမံကိန်းဟာလည်း တစ်ခုအပါအဝင် ဖြစ်ပါတယ်။ သူဒွေးချောင်းရေအားလျှပ်စစ်စီမံကိန်းကို အထူးစီမံကိန်းများအကောင်အထည်ဖော်ရေးအဖွဲ့ဟာ ၂/၂၀၁၄ အကြိမ်မြောက်အစည်းအဝေးမှ ခွင့်ပြုခဲ့ပြီး ၂၀၀၅ ခုနှစ် ဇွန်လတွင် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနနှင့် တည်ဆောက်ရေးလုပ်ငန်းများကို အနီးကပ်စောင့်ရှောက်ရန် သံတွဲမြို့နယ် လက်ထောက်ညွှန်ကြားရေးမှူး၊ မြို့ပြုရုံးများ ဖွင့်လှစ်ပြီးဆောင်ရွက်ခဲ့တာကို တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်။ ဒါကတော့ သူဒွေးချောင်းရေအားလျှပ်စစ်စီမံကိန်းရဲ့ တည်နေရာပြမြေပုံဖြစ်ပါတယ်။ တမံဆက်သွယ် ရေအားလျှပ်စစ်စီမံကိန်းအဆောက်အဦတည်ဆောက်ရန် မြေပုံဖြစ်ပါတယ်။ ဒါကတော့ ဥမင်လိုဏ်ခေါင်းအမှတ်(၁)ဖြစ်ပါတယ်။ ဒါကတော့ ရေထွက်ဥမင်လိုဏ်ခေါင်းအမှတ်(၂) ဖြစ်ပါတယ်။ ဥမင်လိုဏ်တူးခြင်းလုပ်ငန်းတွေကို စက်ယန္တရားကြီးတွေနဲ့ လုပ်ကိုင်နေလျက်ပုံဖြစ်ပါတယ်။ ဥမင်လိုဏ်တူးဖော်ခြင်းလုပ်ငန်းတွေကို တွေ့ရပါတယ်။ ဥမင်လိုဏ်ခိုင်ခံ့မှုအတွက် လုပ်ဆောင်နေတာကို တွေ့ရမှာဖြစ်ပါတယ်။ ဥမင်လိုဏ် ခိုင်ခံ့မှုလုပ်ငန်းတွေပဲဖြစ်ပါတယ်။ ဒါကလည်း ဥမင်လိုဏ်ခေါင်းတွေရဲ့ကြံ့ခိုင်မှုကို ဆောင်ရွက်နေတာဖြစ်ပါတယ်။ ရေထိန်းတံခါးပြွန်တူးဖော်ခြင်းလုပ်ငန်းတွေကို ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒါလည်း ရေထိန်းတံခါးခိုင်ခံ့မှုလုပ်ငန်းစဉ်ကို ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဥမင်လိုဏ်အထွက် တူးမြောင်းတူးဖော်ခြင်းလုပ်ငန်းတွေကို ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒါလည်း ဥမင်လိုဏ်အထွက် တူးမြောင်းကွန်ကရစ်လမ်းတွေပါ။ ဒါက ရေယူအဆောက်အအုံလုပ်ငန်း ဖြစ်ပါတယ်။ ရေယူအဆောက် အအုံကွန်ကရစ်လုပ်ငန်း လုပ်ကိုင်နေခြင်းဖြစ်ပါတယ်။ စိမ့်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းတွေပါ။ ဘိလပ်မြေဖိသွင်းခြင်းလုပ်ငန်းပါ။ ဒါ ပင်မတမံဖြတ်ပိုင်းပုံဖြစ်ပါတယ်။ ရေပိုလွှဲတည်နေရာ ဖြစ်ပါတယ်။ ရေပိုလွှဲမြေကြီးကျောက်သားခိုင်ခံ့မှုလုပ်ငန်း ဖြစ်ပါတယ်။ ဓာတ်အားပေးစက်ရုံ Subbing Pine တည်ဆောက်ခြင်းလုပ်ငန်းဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရန် ယနေ့အချိန် ၂၀၁၆ ခုနှစ်အထိ စီမံကိန်းရဲ့ ပြီးစီးမှုရာခိုင်နှုန်းက ၄၂.၄၃ ရာခိုင်နှုန်းသာ ပြီးစီးတာကို တွေ့ရပါသဖြင့် နိုင်ငံတော်အစိုးရအနေဖြင့် သတ်မှတ်ကာလမှာ စီမံကိန်းပြီးစီးရေးအတွက် လိုအပ်သော ဘတ်ဂျက်များကိုလည်း အချိန်မီချပေးရန် လိုအပ်ပါတယ်လို့ အကြံပြုတင်ပြလိုပါတယ်။ နိဂုံးချုပ်အနေနဲ့ တင်ပြရရင်တော့ စီမံကိန်းရဲ့ရည်ရွယ်ချက်အတိုင်း ဒေသဖွံ့ဖြိုးရေးအတွက် သတ်မှတ်ကာလအတွင်း အချိန်မီ

**မူကြမ်း**

ပြီးစီးမှုမရှိမှာကို ဒေသခံများက အထူးစိုးရိမ်နေကြပါတယ်။ ဒါကြောင့် လျှပ်စစ်ဓာတ်အားကို အချိန်မီ သုံးစွဲနိုင်ရန် မျှော်လင့်နေကြတဲ့ ဒေသခံပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဖေဇင်ထွန်း(ပြည်ထောင်စုဝန်ကြီး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ရခိုင်ပြည်နယ်၊ သံတွဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းကြည်ရဲ့ ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်ရှိ သူဌေးရေအားလျှပ်စစ်စီမံကိန်းကို ၂၀၁၅ ခုနှစ်မှစတင်ခဲ့ပြီး ယခုအချိန် ၂၀၁၆ ခုနှစ်အထိ ပြီးစီးမှု အခြေအနေကို မတွေ့ရသဖြင့် မည်သည့်အချိန်ကာလတွင် ပြီးစီးအောင် ဆောင်ရွက်နိုင်ပါ မည်နှင့် ရခိုင်ပြည်နယ်တောင်ပိုင်းဒေသဖွံ့ဖြိုးရေးအတွက် (သူဌေးရေအားလျှပ်စစ်စီမံကိန်းမှ) လျှပ်စစ်ဓာတ်အားကို မည်သည့်အချိန်တွင် အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ပါမည်တို့ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး ကျွန်တော် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်းက ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်အတွင်း သူဌေးရေအားလျှပ်စစ်စီမံကိန်းကို ၂၀၁၅ ခုနှစ်မှစတင်ပြီး စူးစမ်းလေ့လာတိုင်းတာရေးလုပ်ငန်းတွေကို ဆောင်ရွက်ခဲ့ပြီး တည်ဆောက်ရေးလုပ်ငန်းတွေကိုတော့ ၂၀၀၈ ခုနှစ်မှာ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။ စီမံကိန်းဆောင်ရွက်ခြင်းကို မြို့ပြဆိုင်ရာတည်ဆောက်မှုလုပ်ငန်းများကို နိုင်ငံတော်ဘဏ္ဍာ ရန်ပုံငွေဖြင့်လည်းကောင်း၊ စက်မှု/လျှပ်စစ်ပိုင်းဆိုင်ရာတပ်ဆင်ခြင်းလုပ်ငန်းများကို တရုတ်နိုင်ငံချေးငွေနဲ့ ဝယ်ယူရေးချေးငွေစာချုပ်နှင့် ကန်ထရိုက်စာချုပ်များချုပ်ဆို၍လည်းကောင်း ဆောင်ရွက်တာဖြစ်တဲ့အပြင် ချေးငွေသက်တမ်းကာလအတွင်း နိုင်ငံခြားမှ စက်ပစ္စည်းများတင်သွင်းခြင်းနှင့် တပ်ဆင်ခြင်းတို့ကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ စီမံကိန်းရဲ့တန်ဖိုးဟာ ကျပ်သန်းပေါင်း ၃၅၄၆၀၁.၂၅ ဖြစ်ပါတယ်။

စီမံကိန်းစတင်ဆောင်ရွက်စဉ်က ၂၀၁၈-၂၀၁၉ ခုနှစ်မှာ စီမံကိန်းပြီးစီးရန်လျာထားသတ်မှတ်ဆောင်ရွက်ခဲ့ပါသော်လည်း ၂၀၀၈-၂၀၀၉ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ရန်ပုံငွေကျပ်သန်း ၁၅၁၀၂၁.၇၀၉ သာရရှိသုံးစွဲရပါသဖြင့် ရန်ပုံငွေလျော့နည်းရရှိခဲ့တဲ့အတွက် မူလလျာထားချက်အရ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန်အထိ စီမံကိန်းတစ်ခုလုံးရဲ့ ၅၈ ရာခိုင်နှုန်းခန့် ပြီးစီးနေရမည်ဖြစ်သော်လည်း ၄၂.၀၉ ရာခိုင်နှုန်းသာ ပြီးစီးခဲ့ပါတယ်။ နိုင်ငံခြားစက်ပစ္စည်းဝယ်ယူရေးအတွက် တရုတ်နိုင်ငံ CGGC Co.,Ltd. နှင့် စာချုပ်ချုပ်ဆိုထားပြီး စာချုပ်အတွက် တင်သွင်းရမည့်နိုင်ငံခြားစက်ပစ္စည်းများရဲ့ ၆၀.၁၀ ရာခိုင်နှုန်း ရောက်ရှိပြီးဖြစ်ပါတယ်။

စီမံကိန်းသဘောသဘာဝအရ နိုင်ငံခြားမှတင်သွင်းတဲ့ စက်ပစ္စည်းများကို သတ်မှတ်ကာလအတိုင်း တပ်ဆင်စမ်းသပ်နိုင်ရန် မြို့ပြဆိုင်ရာတည်ဆောက်မှုလုပ်ငန်းများကို အချိန်ကိုက်ပြီးစီးနိုင်ရေးအတွက် နှစ်အလိုက်သတ်မှတ်ထားတဲ့ ရန်ပုံငွေအချိုးကျရရှိရန် လိုအပ်ပါတယ်။ နှစ်အလိုက် ရန်ပုံငွေရရှိမှ အကန့်အသတ်များရှိခဲ့တဲ့အတွက် မြို့ပြတည်ဆောက်ရေးလုပ်ငန်းများကို လျာထားချက် ပြည့်မီအောင် ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပါသဖြင့် စာချုပ်အရ ရောက်ရှိလာတဲ့ နိုင်ငံခြားစက်ပစ္စည်းများအားစနစ်တကျထားသိုထိန်းသိမ်းရခြင်း၊ စာချုပ်ပါ အချိန်ဇယားအတိုင်းတင်သွင်းမည့်ပစ္စည်းများကို ကာလရွှေ့ဆိုင်းတင်သွင်းရန် ညှိနှိုင်းရခြင်း၊ ပစ္စည်းရောက်ရှိမှုအရ ပေးချေရမည့် နိုင်ငံခြားချေးငွေသက်တမ်းတိုးမြှင့်ရခြင်းစတဲ့ကိစ္စရပ်များကို ဖြေရှင်းပေးရလျက်ရှိပါတယ်။

စာချုပ်အရ လက်ရှိအချိန်အထိ မြို့ပြတည်ဆောက်မှုလုပ်ငန်းများဖြစ်တဲ့ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်း၊ အင်ဂျင်နီယာဘူမိဗေဒဆိုင်ရာနှင့် ဇလဗေဒဆိုင်ရာစူးစမ်းတိုင်းတာခြင်းလုပ်ငန်း၊ တမံအုတ်မြစ်စိမ့်ရေတားကွန်ကရစ်နံရံ တည်ဆောက်မှုလုပ်ငန်း၊ တမံအောက်ခြေမြေကြီးကျောက်သားတူးဖော်ခြင်း၊ ရေလွှဲဥမင်လိုဏ်ခေါင်းဖောက်လုပ်ခြင်းလုပ်ငန်းနှင့် ခိုင်ခံ့မှုလုပ်ငန်း၊ ရေထိန်းတံခါးပွြန်တူးဖော်ခြင်းနှင့် ခိုင်ခံ့မှုလုပ်ငန်း၊ တမံတည်ဆောက်နိုင်ရေးအတွက် တမံဖို့ကျောက်များကြိုတင်စုဆောင်းခြင်းလုပ်ငန်းနှင့် ရေဝပ်ဧရိယာအတွင်းမှာရှိတဲ့ကျေးရွာများ ပြန်လည်ထူထောင်ရေးလုပ်ငန်းတို့ကိုဆောင်ရွက်လျက်ရှိပြီး ၂၀၁၆ ခုနှစ် ဩဂုတ်လကုန်အထိ စီမံကိန်းတစ်ခုလုံးရဲ့ ပြီးစီးမှုအနေဖြင့် ၄၂.၆၄ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ပါတယ်။

စီမံကိန်းရဲ့ အဓိကတည်ဆောက်ရေးလုပ်ငန်းဖြစ်တဲ့ ပင်မတမံတည်ဆောက်ခြင်းလုပ်ငန်းနှင့်ဓာတ်အားပေးစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများဟာ မြစ်ရေလွှဲခြင်းလုပ်ငန်း ဆောင်ရွက်ပြီးမှသာ

စတင်ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ အလျား ၂၃၁၆ ပေ ရှိတဲ့ ရေလွှဲဥမင်လိုဏ်အမှတ်(၁)နှင့် အလျား ၁၇၉၄ ပေ ရှိတဲ့ ရေလွှဲဥမင်လိုဏ်အမှတ်(၂)တို့ဖြင့် မြစ်ရေလွှဲမှာဖြစ်ပြီး လက်ရှိအချိန်တွင် ဥမင်လိုဏ်လုပ်ငန်းဟာ လိုင်နင်ကွန်ကရစ်လုပ်ငန်းအပါအဝင် လက်ကျန်လုပ်ငန်းများကို နှစ်နှစ်ခန့် အချိန်ယူပြီး ဆောင်ရွက်ရအုံးမှာဖြစ်ပါတယ်။ ဥမင်လိုဏ်လုပ်ငန်းပြီးစီးတဲ့ မြစ်ရေလွှဲနိုင်တဲ့အခါမှ အလျား ၂၀၂၈ ပေ၊ အမြင့် ၂၉၈ ပေနှင့် ထုထည်ပမာဏ ၂၆၈၃၄၀၀ ကျင်းခန့် ရှိတဲ့ ဇုန်အမျိုးအစားကျောက်ဖြည့်တာတမံကို ငါးနှစ်ခန့် အချိန်ယူပြီးတော့ ဆက်လက်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ဒါကြောင့် နောက်ထပ်စုစုပေါင်းအချိန် ခုနစ်နှစ်ခန့်ကြာမြင့်မှာဖြစ်တဲ့အတွက်၊ စီမံကိန်းပြီးစီးသွားမှာဖြစ်တဲ့အတွက် ၂၀၁၅-၂၀၁၆ ခုနှစ်အထိ စီမံကိန်းလုပ်ငန်းပြီးစီးမှုရာခိုင်နှုန်းအရ မူလလျာထားတဲ့ ၂၀၁၈-၂၀၁၉ ခုနှစ်မှာ ပြီးစီးမည့်အစား ၂၀၂၃-၂၀၂၄ ခုနှစ်ခန့်မှသာ ပြီးစီးနိုင်မယ်လို့ ကျွန်တော်တို့ ခန့်မှန်း ထားပါတယ်။

ဒါကြောင့် သူငွေးရေအားလျှပ်စစ်စီမံကိန်းရဲ့ လျာထားလုပ်ငန်းအစီအစဉ်ပါအတိုင်း နှစ်စဉ်ရန်ပုံငွေ ပြည့်ဝစွာရရှိနိုင်မှသာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်ကုန်မှာ စီမံကိန်းပြီးစီးနိုင်မှာ ဖြစ်ပြီး ၎င်းနောက် စီမံကိန်းမှထွက်ရှိမယ့် လျှပ်စစ်ဓာတ်အားကို မဟာဓာတ်အားလိုင်းသို့ပို့လွှတ်ပြီး ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် စတင်အသုံးပြုနိုင်မှာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။မိုက်ပေးပါ။

**ဦးမင်းကြည်(သံတွဲမဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့။ ဥက္ကဋ္ဌကြီးခင်ဗျား။ အခုလို လာရောက်ဖြေကြားပေးတဲ့ဝန်ကြီးကို ကျေးဇူးတင်ပါတယ်။ ဝန်ကြီးပြောကြားတဲ့အထဲမှာ ရေဝပ်ဧရိယာထဲမှာရှိတဲ့ ကျေးရွာတွေကိုလည်း ကူညီဆောင်ရွက်နေတယ်ဆိုတာ တွေ့ရပါတယ်။ လောလောဆယ်မှာတော့ ရေဝပ် ဧရိယာကျေးရွာဟာ သုံးရွာရှိပါတယ်။ တစ်ရွာကတော့ ပြောင်းရွှေ့ပြီးတော့ အဆင်ပြေနေပါပြီ။ ကျေးလက်ဆေးပေးခန်းတွေ၊ စာသင်ကျောင်းတွေ၊ ဘုန်းကြီးကျောင်းတွေကို ပြုလုပ်ပေးထားတာကို တွေ့ရပါတယ်။ ဒါပေမဲ့ ရေတာတမံနဲ့ အထက်မှာ ခြောက်မိုင်လောက်ဝေးတဲ့နေရာမှာ ကျေးရွာနှစ်ရွာ ရှိပါသေးတယ်။ ဒီရွာတွေကတော့ အမှန်တကယ် ရေဝပ်ဧရိယာထဲကို ရောက်သွားတဲ့ရွာတွေပါ။ ဒီရွာတွေရဲ့ပြောင်းရွှေ့စရိတ်နဲ့ လိုအပ်တဲ့မြေနေရာအနေအထားကိုလည်း အစိုးရကလုပ်ကိုင်ပေးတာကို မတွေ့ရသေးပါဘူး။ သူတို့ရွာပေးတဲ့နေရာဟာ ကြိုးဝိုင်းသစ်တောထဲမှာ ကျရောက်နေတဲ့အတွက်

ကြောင့် သစ်တောနဲ့အစိုးရနဲ့ အဆင်ပြေအောင်ဆောင်ရွက်နေတယ်ဆိုတာကိုလည်း တွေ့ရပါတယ်။ ဒါကြောင့် ဒေသခံပြည်သူတွေရဲ့ နေထိုင်ရေး၊ အိမ်ရာအတည်တကျရရှိရေးအတွက်ကို အမြန်ဆုံး အကောင်အထည်ဖော် ဆက်လက်ပြီးတော့ဆောင်ရွက်ပေးဖို့လည်း ထပ်ဆင့်မေးခွန်းအနေနဲ့ မေးလိုပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ပြန်လည်ဖြေကြားပေးပါ။

**ဦးဖေဇင်ထွန်း(ပြည်ထောင်စုဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့အတိုင်း ကျန်ရှိတဲ့ကျေးရွာတွေအတွက် ကျွန်တော်တို့ အကောင်းဆုံးအနေအထားဖြစ်အောင် ညှိနှိုင်းပြီးတော့ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

**၂၀၁၇ ခုနှစ် နွေရာသီကာလ၌ လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုမရှိစေရန်နှင့် လျှပ်စစ်ဓာတ်အားလုံလောက်စွာ ရရှိနိုင်ရေးအတွက် မည်သို့စီစဉ်ဆောင်ရွက်ထားသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးနေမျိုးထက်(ကျောက်တံတားမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဧည့်သည်တော်များနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကျောက်တံတားမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးထက် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကျောက်တံတားမြို့နယ်အပါအဝင် ရန်ကုန်မြို့၌ နွေရာသီရောက်တိုင်း မီးပျက်တဲ့ဒုက္ခတွေ ကျွန်တော်တို့ ခံစားရပါတယ်။ နွေရာသီရောက်တိုင်းမှာ ကျွန်တော်တို့ဟာ နှစ်စဉ်နှစ်တိုင်း မီးပျက်ပါတယ်။ ဆိုတော့ ကျွန်တော်တို့က ဒီနွေရာသီဆိုတာ မတ်၊ ဧပြီ၊ မေ ပေါ့။ မတ်လမှာ ဆယ်တန်းစာမေးပွဲတွေ၊ ကျောင်းသူကျောင်းသားတွေ စာမေးပွဲတွေဖြေရတဲ့အတွက် လျှပ်စစ်မီးရရှိရေးဟာလည်း အရမ်းအရေးကြီးပါတယ်။ နွေရာသီမှာလည်း ကျွန်တော်တို့ ရန်ကုန်မြို့နေ တိုက်ခန်းများသည်လည်း လျှပ်စစ်မီးရရှိမှ ကျွန်တော်တို့ဟာ ရေရရှိရေးတို့၊ ပန်ကာတွေဘာတွေဖွင့်ပြီးတော့ ရာသီဥတုအပူဒဏ်ကို လျော့ချနိုင်ရေးအတွက် လျှပ်စစ်ကအရေးကြီးပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် အောက်ပါမေးခွန်းများကို မေးမြန်းလိုပါတယ်။ ၂၀၁၇ ခုနှစ် နွေရာသီကာလ၌ လျှပ်စစ်ပြတ်တောက်မှု

မရှိစေရန်နှင့် လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိနိုင်ရေးအတွက် (၁) ထုတ်လုပ်ရေးပိုင်း Generation ပိုင်း၊ ကျွန်တော်တို့ပြည်သူလူထု လျှပ်စစ်ကို လုံလောက်စွာသုံးနိုင်အောင် မည်ကဲ့သို့ ထုတ်လုပ်ရန် စီစဉ်ဆောင်ရွက်ထားသနည်းဆိုတာ မေးလိုပါတယ်။ (၂) သယ်ယူရေးအပိုင်း Transmission အပိုင်းကို ကျွန်တော်တို့ကောင်းမွန်အောင် မည်ကဲ့သို့ဆောင်ရွက်ထားသနည်း မေးလိုပါတယ်။ (၃) ကျွန်တော်တို့ ဖြန့်ဖြူးရေးအပိုင်းကို ဘယ်လိုဆောင်ရွက်ထားသလဲ၊ ကုမ္ပဏီတွေ ကျွန်တော်တို့ ပြည်သူတွေဆီကို လျှပ်စစ်ကောင်းမွန်စွာရောက်ရှိအောင် ဘယ်လိုဆောင်ရွက်ထားလဲ သိချင်ပါတယ်။ (၄) နောက်ဆုံးအနေနဲ့ ကျွန်တော်တို့ မနှစ်ကတုန်းက တစ်ချိန်လုံး System Breakdown ဆိုပြီးတော့ ပျက်ပါတယ်။ Call Centre ကလည်း System Breakdown လို့ အမြဲတမ်း ကြေညာပါတယ်။ ဒါကြောင့် System Breakdown မဖြစ်အောင် ဘယ်လို စီစဉ်ဆောင်ရွက်ထားသလဲ၊ System Breakdown ဖြစ်ခဲ့ပါကလည်း ဒီမြို့နယ်လျှပ်စစ်ရုံးများ၊ ပုဂ္ဂလိကကုမ္ပဏီ Franchise များက ပြည်သူလူထုကို မည်ကဲ့သို့အသိပေးပြီးတော့ စီစဉ်ဆောင်ရွက် ထားပါသနည်းဆိုတာကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဖေဇင်ထွန်း(ပြည်ထောင်စုဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးထက်မေးမြန်းတဲ့ ၂၀၁၇ ခုနှစ် နွေရာသီကာလမှာ မြန်မာနိုင်ငံအတွင်း လျှပ်စစ်ဓာတ်အားပြတ်တောက်မှုမရှိစေရန်နှင့် လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနမှ မည်ကဲ့သို့စီစဉ်ဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်းနှင့်စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ကျွန်တော်ဆက်လက်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ နိုင်ငံတော်ကို ဓာတ်အားလုံလောက်စွာဖြန့်ဖြူးပေးနိုင်ရန်အတွက် ရေအား၊ သဘာဝဓာတ်ငွေ့၊ စွန့်ပစ်အပူသုံး ဘွိုင်လာနှင့် ရေနွေးငွေ့သုံးဓာတ်အားပေးစက်ရုံများမှ စုစုပေါင်း ၂၇၄၃ မဂ္ဂါဝပ် ထုတ်လုပ်ပေးလျက်ရှိပါတယ်။ ဝန်ကြီးဌာနအနေဖြင့် ဓာတ်အားစနစ်တည်ငြိမ်စွာဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိတဲ့အပြင် တိုးတက်လာမယ့် လျှပ်စစ်မီးသုံးစွဲမှုအခြေအနေကို ခန့်မှန်း တွက်ချက်ပြီး ကြိုတင်လျာထားဆောင်ရွက်မှုများ ပြုလုပ်ရပါတယ်။ ၂၀၁၆ ခုနှစ်၊ နွေရာသီကာလမှာ ဓာတ်

အားလုံးလောက်စွာရရှိနိုင်ရေးအတွက် ပုံမှန်ဓာတ်အားထုတ်လုပ်မှုများအပြင် နိုင်ငံပိုင် သီလဝါ စက်ရုံအမှတ်(၁)စက်မှ ၂၅ မဂ္ဂါဝပ်စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်တဲ့ မော်လမြိုင်ဓာတ်အား ပေးစက်ရုံ ပထမအဆင့်ရေနွေးငွေ့တာဘိုင်စက် ၃၃ မဂ္ဂါဝပ်၊ ဓာတ်ငွေ့ အင်ဂျင်စက်များ ငှားရမ်း ဓာတ်အားထုတ်လုပ်တဲ့ ပုဂ္ဂလိကပိုင် ဓာတ်အားပေးစက်ရုံများမှ ကျောက်ဖြူဒေသမှာ ၄၅ မဂ္ဂါဝပ်နှင့် မြင်းခြံဒေသမှာ ၁၃၃ မဂ္ဂါဝပ် စုစုပေါင်းတပ်ဆင်အင်အား ၂၃၆ မဂ္ဂါဝပ်အထိ တိုးမြှင့်ဆောင်ရွက် နိုင်ခဲ့တဲ့အတွက် ဝန်အားလျှော့ချရခြင်းများမရှိဘဲ ပုံမှန် ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပါတယ်။ ဒါပေမဲ့ သဘာဝဘေးဒဏ်နှင့် ရာသီဥတုအခြေအနေများကြောင့် ဓာတ်အားစနစ်တစ်ခုလုံး လျှပ်စစ်ဓာတ်အား ပြတ်တောက်မှု ၁၀ ကြိမ်ဖြစ်ပေါ်ခဲ့ပါတယ်။

၂၀၁၇ ခုနှစ်၊ နွေရာသီကာလမှာ ဓာတ်အားစနစ်အတွင်း လျှပ်စစ်ဓာတ်အားလိုအပ်ချက်မှာ ထုတ်လုပ်နိုင်မှုထက် ၃၀၀ မဂ္ဂါဝပ်ခန့် ထပ်မံလိုအပ်မယ်လို့ ခန့်မှန်းရရှိပါတယ်။ ၂၀၁၇ ခုနှစ်၊ နွေရာသီ ကာလမှာ ဓာတ်အားလိုအပ်ချက်ကို ပြည့်မီစွာဖြည့်ဆည်းပေးနိုင်ရန် နိုင်ငံပိုင်သီလဝါစက်ရုံအမှတ်(၂) စက်မှ ၂၅ မဂ္ဂါဝပ်၊ မော်လမြိုင်ဓာတ်အားပေးစက်ရုံ ဒုတိယအဆင့် ရေနွေးငွေ့တာဘိုင်စက် ၄၅ မဂ္ဂါဝပ်နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ပုဂ္ဂလိကပိုင် (IPP, BOO) ဓာတ်အားပေးစက်ရုံစီမံကိန်း ၃၀၀ မဂ္ဂါဝပ်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ သဘာဝဓာတ်ငွေ့ဖြင့် ဓာတ်အား ထုတ်လုပ်ခြင်းမှ စုစုပေါင်းတပ်ဆင်အင်အား ၃၇၀ မဂ္ဂါဝပ်တိုးတက်လာမှာဖြစ်ပါတယ်။ ဒါ့အပြင် တပ်ဆင်အင်အား ၄၀ မဂ္ဂါဝပ်ရှိတဲ့ မြစ်သာရေအားလျှပ်စစ်စီမံကိန်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တည်ဆောက်လျက်ရှိရာ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလအတွင်း ပြီးစီးမှာ ဖြစ်တဲ့အတွက် မိမိတို့ဝန်ကြီးဌာနမှ လွှဲပြောင်းလက်ခံရယူပြီးတော့ ဆက်လက်ထိန်းသိမ်းမောင်းနှင် ဓာတ်အား ထုတ်လုပ်သွားမှာဖြစ်ပါတယ်။ အဲဒီလို မြစ်သာရေအားလျှပ်စစ်စက်ရုံမှ နွေရာသီမှာ ထုတ်လုပ်နိုင်မှု ၂၀ မဂ္ဂါဝပ်၊ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများမှ ထုတ်လုပ်နိုင်မှု ၃၇၀ မဂ္ဂါဝပ် စုစုပေါင်း ၃၉၀ မဂ္ဂါဝပ်အထိ တိုးတက်ထုတ်လုပ်နိုင်ရန် စီမံထားရှိပြီး ဖြစ်ပါတယ်။

ဒါကြောင့် ၂၀၁၇ ခုနှစ် နွေရာသီကာလမှာ မြန်မာနိုင်ငံအတွင်း လျှပ်စစ်ဓာတ်အား ပြတ်တောက်မှု မရှိစေရန်နှင့် လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိနိုင်ဖို့အတွက် စုစုပေါင်းတပ်ဆင် အင်အား ၃၉၀ မဂ္ဂါဝပ်တိုးတက်ရရှိရန် စီမံဆောင်ရွက်ထားရှိပါတယ်။ လျှပ်စစ်ဓာတ်အားပြတ် တောက်မှု လျှော့နည်းစေရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များအလိုက် ရှုပ်ထွေး ဆားဗစ်ကြိုးများ ရှင်းလင်းခြင်း၊ ဟောင်းနွမ်းနေတဲ့ဆားဗစ်ကြိုးများ လဲလှယ်ခြင်း၊ ဝန်အားပိုတဲ့ ထရန်

**မူကြမ်း**

စဖော်မာများ လဲလှယ်တပ်ဆင်ခြင်း၊ ထရန်စဖော်မာထိန်းသိမ်းပြုပြင်ခြင်းနှင့် ဓာတ်အားလိုင်း တိုင်များ အစားထိုးလဲလှယ်/ပြန်လည်တည့်မတ်ခြင်းများကို အချိန်နှင့် တစ်ပြေးညီကြိုးပမ်း ဆောင်ရွက် လျက်ရှိပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးမေးတဲ့ System Breakdown ကတော့ ကျွန်တော်တင်ပြခဲ့တဲ့ အတိုင်းပဲ မမျှော်မှန်းနိုင်တဲ့ သဘာဝဘေးအန္တရာယ်ကြောင့် ကျွန်တော်တို့ ကြုံတွေ့တဲ့အခါမှာ ဒီဓာတ်အားဖြန့်ဖြူးတဲ့ System ဟာ ကျွန်တော်တို့ ဘယ်နေရာမှာဖြစ်တယ်ဆိုတာကို ကျွန်တော်တို့ လိုက်ပြီး ရှာဖွေရပါတယ်။ ရှာဖွေပြီးလို့တွေ့ရှိတဲ့အချိန်မှာ ကျွန်တော်တို့ အဲဒါကိုတော့ တစ်ပြိုင်နက် တည်းဆောင်ရွက်တာဖြစ်ပါတယ်။ သက်ဆိုင်ရာ System ရဲ့တစ်လျှောက်မှာရှိနေတဲ့ ရှာဖွေသူများဟာ ဒါကိုလိုက်ရှာရပါတယ်။ အဲဒီတော့ Fault ကိုတွေ့ရင် အဲဒီနေရာကို ကျွန်တော်တို့ အင်အားနဲ့ သွားရောက်ပြင်ဆင်ပေးပါတယ်။ ဒါကြောင့် System Breakdown ဖြစ်တာသည် သဘာဝဘေး အန္တရာယ်ကြောင့်ဖြစ်စေ၊ ဒီဓာတ်အားလိုင်းတစ်ခုခုမှာ ထိခိုက်သွားတဲ့အတွက် ဒီကောင်ဟာ System ကို ပြတ်တောက်သွားစေတာဖြစ်ပါတယ်။ သို့သော အတတ်နိုင်ဆုံး ကျွန်တော်တို့အမြန်ဆုံး ဒီ System ကို ပြင်ပြီးတော့ ကျွန်တော်တို့ဆောင်ရွက်တာဖြစ်ပါတယ်။ တချို့ကိစ္စရပ်တွေမှာတော့ ကျွန်တော်တို့ မမျှော်မှန်းနိုင်တဲ့ ဓာတ်အားကြိုးလိုင်းဟာ ဒီ ဝင်ရောက်မရတဲ့ဒေသတွေမှာ ပြတ်တောက်သွားတာမျိုး ရှိရင်တော့ ကျွန်တော်တို့ ရတဲ့အချိန်မှာ အတင်းဝင်ရောက်ပြီးတော့ပဲ တပ်ဆင်ပေးခဲ့တဲ့ဟာတွေ ရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ အချိန်နှင့်တစ်ပြေးညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဟုမ္မလင်းမြို့နယ်အတွင်းရှိ နမ့်ပန်းငါးချောင်းအား အသုံးပြု၍ အသေးစားရေအားလျှပ်စစ်ထုတ်သော စက်ရုံအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းတွင် ထည့်သွင်းပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးမျိုးညွန့် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမျိုးညွန့်(ဟုမ္မလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ဟုမ္မလင်းမဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးညွန့် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဟုမ္မလင်း မြို့ပေါ်မှာဆိုလို့ရှိရင် ဖိုးသီးချိုလျှပ်စစ်ဝန်ဆောင်မှုလုပ်ငန်းမှ မီးပေးပါတယ်။ တစ်ယူနစ်ကို ၃၇၀ ကျပ် နှင့် ၄၀၀ ကျပ်ကြားမှာကျသင့်ပါတယ်။ နယ်ကျေးလက်များမှာဆိုရင်လည်း ဆိုလာပြား၊ ဆိုလာမီးသီး၊

ကိုယ့်အားကိုယ်ကိုးမီးစက်များကို အသုံးပြုပြီး မီးလင်းနေရပါတယ်။ များစွာသော ကျေးရွာများမှာတော့ ဆိုလာမီးအိမ်ငယ်လေးများနှင့်သာ ကျောင်းသားကျောင်းသူဟာ စာကြည့်နေကြရပါတယ်။ လျှပ်စစ်ကလူနေမှုအဆင့်အတန်းကိုမြင့်မားစေပြီး လုပ်ငန်းတော်တော်များများကို များစွာအဆင်ပြေစေပါတယ်။ ရေအားမှထုတ်လုပ်ရရှိတဲ့ လျှပ်စစ်အားဟာ စျေးနှုန်းချိုသာစွာအသုံးပြုနိုင်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဟုမ္မလင်းမြို့နယ်မှ ပြည်သူများအနေနဲ့လည်း ရေအားလျှပ်စစ်ကို ရရှိလိုကြပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏လမ်းညွှန်မှုအရ ဟုမ္မလင်းမြို့နယ်ထွေထွေအုပ်ချုပ်ရေးဌာန၏ကြီးကြပ်မှုဖြင့် ဟုမ္မလင်းမြို့နယ် နားစပြိုက်ကျေးရွာအနီးရှိ နမ့်ပန်းငါးချောင်းမှ ရေအားလျှပ်စစ်ထုတ်လုပ်ရရှိနိုင်မှုအခြေအနေအား စူးစမ်းလေ့လာတိုင်းတာရန် ဟုမ္မလင်းမြို့နယ် တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် Myanmar Hydropower Development Co.,Ltd. သည် ၁၂-၁၂-၂၀၁၄ ရက်နေ့မှာ ကွင်းဆင်းတိုင်းတာခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါတယ်။ နမ့်ပန်းငါးချောင်းရေအားလျှပ်စစ် စူးစမ်းတိုင်းတာလေ့လာခြင်းအစီအစဉ် အစီရင်ခံစာကိုလည်း မေးခွန်းနှင့်အတူ တစ်ပါတည်းပူးတွဲတင်ပြထားပါတယ်ခင်ဗျား။ အစီရင်ခံစာအရ လျှပ်စစ်အားဟာ ၃.၅ မဂ္ဂါဝပ်ထွက်ရှိမှာလို့ခန့်မှန်းထားပါတယ်။ ဟုမ္မလင်းမြို့နယ်နှင့်တကွ အနီးရှိကျေးရွာအုပ်စု ခြောက်အုပ်စု၊ အိမ်ထောင်စုပေါင်း ၆၀၇၁ စုကို မီးလင်းနိုင်မယ်လို့ဖော်ပြထားပါတယ်ခင်ဗျား။ ထို့အတွက်ကြောင့် ကျွန်တော်မေးလိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးခရိုင်၊ ဟုမ္မလင်းမြို့နယ်အတွင်းရှိ နမ့်ပန်းငါး ချောင်းအားအသုံးပြု၍ အသေးစားရေအားလျှပ်စစ်စက်ရုံအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းတွင် ထည့်သွင်းပေးနိုင်ခြင်းရှိ/မရှိနှင့် မရှိပါက ဘယ်အတွက်ကြောင့်ဆိုသည်ကို သိရှိလိုပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဖေဇင်ထွန်း(ပြည်ထောင်စုဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးညွန့်ရဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးခရိုင်၊ ဟုမ္မလင်းမြို့နယ်အတွင်းရှိ နမ့်ပန်းငါးချောင်းအား အသုံးပြုပြီး အသေးစားရေအား လျှပ်စစ်ထုတ်သောစက်ရုံအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းတွင် ထည့်သွင်း

ပေးနိုင်ခြင်းရှိ/မရှိ၊ မရှိပါက အဘယ်ကြောင့်ဆိုသည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြ မေးခွန်း အပေါ် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နှင့်ပေါင်းစပ်ပြီး ဖြေကြား သွားမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ တင်ပြမေးမြန်းချက်မှာ နမ့်ပန်းငါး ချောင်းမှ အသေးစား ရေအားလျှပ်စစ်ထုတ်ယူနိုင်မှုအခြေအနေကို စစ်ကိုင်းတိုင်း ဒေသကြီးအစိုးရအဖွဲ့ရဲ့ လမ်းညွှန်ချက် အရ Myanmar Hydropower Development Co., Ltd. မှ ကနဦးစူးစမ်း တိုင်းတာခြင်း လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပြီး၊ စူးစမ်းတိုင်းတာလေ့လာခြင်းအစီရင်ခံစာအရ ၃.၅ မဂ္ဂါဝပ်ခန့် လျှပ်စစ်ဓာတ်အားထုတ်ယူနိုင်မှာဖြစ်ကြောင်း သိရှိရပါတယ်။

အသေးစား သို့မဟုတ် အလတ်စား ရေအားလျှပ်စစ်ထုတ်လုပ်ဖြန့်ဖြူးရေးနှင့်ပတ်သက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၁၈၈၊ ဇယား ၂၊ အပိုဒ် ၄ အပိုဒ်ခွဲ(က)မှာ ပြည်ထောင်စုက စီမံခန့်ခွဲခွင့်ရှိသည့် အကြီးစားရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေးမှအပ မဟာဓာတ်အား လိုင်းနှင့် ဆက်သွယ်ခြင်းမရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် အလတ် စားနှင့် အသေးစားလျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေးဟု ဖော်ပြထားပါသဖြင့် နိုင်ငံတော် ဓာတ်အား ကွန်ယက်စနစ်နှင့် မချိတ်ဆက်ဘဲ အလတ်စားနှင့်အသေးစားလျှပ်စစ်စီမံကိန်းတွေကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိပါတယ်။ ဒါ့အပြင် လျှပ်စစ်ဥပဒေ(၂၀၁၄ ခုနှစ်) ပုဒ်မ ၁၃ မှာလည်း ပြည်ထောင်စုက စီမံခန့်ခွဲခွင့်ရှိသည့် အကြီးစားလျှပ်စစ်ဓာတ်အားထုတ်လုပ် ဖြန့်ဖြူးရေးမှအပ မဟာဓာတ်အားလိုင်းနှင့် ဆက်သွယ်ခြင်းမရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် အလတ်စားနှင့်အသေးစားလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်း လုပ်ငန်းဖြစ်ပါက ခွင့်ပြုမိန့်ထုတ်ပေးနိုင်သူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ အဖွဲ့သည် ပြည်တွင်း/ပြည်ပမှ ရင်းနှီးလုပ်ကိုင်ဆောင်ရွက်လိုသည့် မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်း ကိုမဆို တည်ဆဲဥပဒေများနှင့်အညီ ခွင့်ပြုမိန့်ထုတ်ပေးနိုင်သည်ဟု ရှင်းလင်းဖော်ပြထားပြီး ဖြစ်ပါ တယ်။

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်အရ ဟုမ္မလင်းမြို့နယ်၊ နမ့်မာလုံချောင်းမှာ ၆၀၀ ကီလိုဝပ်ထွက်ရှိမည့် အသေးစားရေအားလျှပ်စစ်စက်ရုံအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေခြင်း၊ စီမံကိန်းနှစ်ရပ်အား တစ်ပြိုင်တည်းဆောင်ရွက်ရန် ရန်ပုံငွေလုံလောက်မှုမရှိခြင်း၊ နမ့်ပန်းငါးချောင်းကို အသုံးပြုပြီး အသေးစားရေအားလျှပ်စစ်ထုတ်လုပ် သောစက်ရုံအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းမှာ ထည့်သွင်းပေးနိုင်ခြင်း မရှိခြင်း

တို့ကြောင့် နောက်လာမည့် ဘတ်ဂျက်နှစ်များမှာ စီမံကိန်းအကောင်အထည်ဖော်ရေးအတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့အနေနဲ့ ညှိနှိုင်းပေးသွားမှာဖြစ်ပါကြောင်းနှင့် စီမံကိန်းအကောင်အထည် ဖော်ဆောင်ရွက်တဲ့အခါ ဌာဝန်ကြီးဌာနမှ နည်းပညာပိုင်းဆိုင်ရာပံ့ပိုးကူညီပေးသွားမှာ ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့များကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေနှင့်အညီ ပြန်လည်ဖွဲ့စည်းရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ညောင်လေးပင်မဲဆန္ဒနယ်မှ ဒေါက်တာမြင့်သိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာမြင့်သိန်း(ညောင်လေးပင်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မဲဆန္ဒနယ်က ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်သိန်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့များကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေ ဥပဒေနှင့်အညီ ဖွဲ့စည်းနိုင်ရန် စီစဉ်ဆောင်ရွက်ထားခြင်းနှင့်စပ်လျဉ်းပြီးတော့ မေးမြန်းလိုပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေ အခန်း(၅) ပုဒ်မ ၈ ပုဒ်မခွဲ (က)အရ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့များကို ဖွဲ့စည်းရာမှာ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌဟာ အဖွဲ့ဝင်တစ်ဦးအဖြစ်နဲ့ ပါရှိနေပါတယ်။ ပုဒ်မ ၉ ပုဒ်မခွဲ(င)မှာလည်း မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း၊ အကောင်အထည်ဖော်ရေးအဖွဲ့ဟာ မြို့နယ်စီမံခန့်ခွဲရေး ကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၊ (ဖွံ့ထောက်ကော်မတီပေါ့ဗျာ)။ မြို့နယ်စည်ပင်သာယာရေးကော်မတီများနဲ့ ညှိနှိုင်းဆောင်ရွက်ခြင်းနဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းအလိုက် လုပ်ဆောင်မည့်ဌာန သို့မဟုတ် အဖွဲ့အစည်းများသို့ လုပ်ငန်းအပ်နှံခြင်းလို့ ဖော်ပြထားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွံ့ဖြိုးရေးလုပ်ငန်းဗဟိုကော်မတီရဲ့ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်နေ့စွဲနဲ့ထုတ်ပြန်တဲ့ အမိန့်ကြော်ငြာစာအမှတ်(၉၂/၂၀၁၄) ဖွံ့ဖြိုးရေးရန်ပုံငွေထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများမှ အခန်း(၄) မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ရေးအဖွဲ့များ၏ လုပ်ငန်းတာဝန်များအခန်း၊ လုပ်ထုံးလုပ်နည်းအမှတ်၊ ၅(ဂ)မှာ မြို့နယ်ဖွံ့ဖြိုးရေး

လုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ အတည်ပြုဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ဖွံ့ထောက်ကော်မတီများအား တာဝန်ယူဆောင်ရွက်စေခြင်း၊ လုပ်ထုံးလုပ်နည်းအမှတ်၊ ၅(က)မှာ ဥပဒေအရ အကောင်အထည်ဖော်သောလုပ်ငန်းများ မှန်ကန်ထိရောက်မှုရှိစေရေးအတွက် ဖွံ့ထောက်ကော်မတီအား မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီများနဲ့ ညှိနှိုင်းဆောင်ရွက်နိုင်ရန် ခွင့်ပြုတာဝန်ပေးအပ်ခြင်းလို့ ဖော်ပြပါရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခန်း(၅) ငွေထုတ်ယူသုံးစွဲခြင်းအခန်းမှာ လုပ်ထုံးလုပ်နည်းအမှတ် (၇) တွင် မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့သည် ဖွံ့ထောက်ကော်မတီ၏တာဝန်ခံတင်ပြချက်အရ လိုအပ်သောငွေကို ကြိုတင်၍ စိစစ်ထုတ်ပေးနိုင်သည်။ လုပ်ထုံးလုပ်နည်းအမှတ်(၈) တွင် မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့သည် သက်ဆိုင်ရာရပ်/ကျေးဖွံ့ထောက်ကော်မတီ၏ လုပ်ငန်းပြီးစီးကြောင်းအစီရင်ခံစာတင်ပြချက်နှင့် ငွေလက်ခံရရှိကြောင်းအထောက်အထားများကို မြို့နယ်ဖွံ့ထောက်ကော်မတီ၏ထောက်ခံချက်ဖြင့် ရယူထားရှိရမည်ဟု ဖော်ပြပါရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုကျွန်တော်ဖော်ပြတဲ့ ဥပဒေလုပ်ထုံးလုပ်နည်းများကိုကြည့်ရင် ဖွံ့ထောက်ကော်မတီများဟာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ အောက်ခြေသိမ်းလုပ်ငန်းဆိုက်နေရာများအထိကိုပဲ ထိထိရောက်ရောက် ထဲထဲဝင်ဝင်တာဝန်ယူဆောင်ရွက်နေရတဲ့သူများဖြစ်တာကို တွေ့မြင်ရပါတယ်။ သို့သော်လည်း နိုင်ငံတော်သမ္မတရုံးရဲ့ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၀ ရက်နေ့စွဲနဲ့ ထုတ်ပြန်တဲ့အမိန့်ကြော်ငြာစာအမှတ်(၃၇/၂၀၁၆)အရ ယခင်နိုင်ငံတော်သမ္မတရုံးရဲ့ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၂၇/၂၀၁၃)နဲ့ တာဝန်ပေးအပ်ခဲ့တဲ့ မြို့နယ်နှင့် ရပ်/ကျေးဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့များ ဖွဲ့စည်းရန်တာဝန်ပေးခြင်းကို ဖျက်သိမ်းပြီးဖြစ်ပါတယ်။ ဒီလိုဖျက်သိမ်းပြီးဖြစ်တဲ့အတွက်ကြောင့် လောလောဆယ်အခါမှာ ဒီကော်မတီများဟာ လစ်လပ်နေပါတယ်။ လစ်လပ်နေတဲ့အတွက် ချန်လှပ်ပြီးတော့ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့များ ဖွဲ့စည်းရာမှာ ဥပဒေလုပ်ထုံးလုပ်နည်းပြဋ္ဌာန်းချက်များနှင့် မညီမညွတ်ဖြစ်နေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးလက်ပြည်သူများအနေနဲ့ ဖွံ့ဖြိုးရေးရန်ပုံငွေများနှင့် အကောင်အထည်ဖော်လုပ်ဆောင်မယ့် ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို အားကိုးတကြီးနဲ့ စောင့်မျှော်နေကြပြီးတော့ ဒေသဆိုင်ရာလိုအပ်ချက်တွေကိုလည်း လွှတ်တော်ကိုယ်စားလှယ်များထံမှာ တင်ပြတောင်းဆိုလျက်ရှိနေကြပါတယ်။ ပြည်သူတွေရဲ့မျှောင်လင့်တောင့်တတဲ့လိုအပ်ချက်များ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများကို မှန်မှန်ကန်ကန်ထိထိရောက်ရောက်လုပ်ဆောင်ပေးနိုင်ဖို့ဆိုတာဟာ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေနှင့်အညီ ဖွဲ့စည်းနိုင်ရန်လိုအပ်နေပါတယ်။ ဒီအဖွဲ့ကို ဒီလိုဥပဒေနှင့်အညီ ဖွဲ့စည်းနိုင်ဖို့ဆိုတာကလည်း လတ်တလောမှာတာဝန်ပေးခြင်းက ဖျက်သိမ်းထားပြီးဖြစ်တဲ့ လစ်လပ်နေတဲ့ဖွံ့ထောက်ကော်မတီများရဲ့နေရာမှာ မြို့နယ်နှင့်ရပ်/ကျေးဖွံ့ထောက်ကော်မတီအသစ်များကို ရွေးဦးစွာဖွဲ့စည်းတာဝန်ပေးရန် လိုအပ်နေပါကြောင်း သိရှိရပါတယ်။

သို့ပါသောကြောင့် ကျွန်တော် အောက်ပါမေးခွန်းများကို မေးမြန်းလိုပါတယ်။ နံပါတ်(၁) မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့များကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေနှင့်အညီ ဖွဲ့စည်းနိုင်ရန် ဆောင်ရွက်ထားရှိမှုအစီအစဉ်များရှိ/မရှိ။ ရှိပါလျှင် ယင်းအဖွဲ့များဖွဲ့စည်းရန် မည်သို့ဆောင်ရွက်ရမည်။ မရှိပါလျှင်လည်း မည်ကဲ့သို့ဆောင်ရွက်ရမည်ကို သိရှိဆောင်ရွက်လိုပါသောကြောင့် ကျေးလက်ပြည်သူများရဲ့အကျိုးကိုမျှော်၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့်လေးစားစွာမေးမြန်းအပ်ပါသည်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး ဖြစ်ပါတယ်။ ညောင်လေးပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်သိန်းမေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဦးစွာပထမ ပြည်သူ့လွှတ်တော်မှ ပေးပို့လာတဲ့မေးခွန်းအပေါ် ပြည်ထောင်စုအစိုးရအဖွဲ့ဟာ ပြည်ထဲရေးဝန်ကြီးဌာနသို့တစ်ဆင့် ပေးပို့ခဲ့ပါတယ်။ ဒီပေးပို့ခဲ့တဲ့ မူလ

မေးခွန်းနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး မေးတဲ့မေးခွန်းမှာတော့ ကွာခြားချက်တွေ များစွာရှိပါတယ်။ မူလမေးခွန်းမှာတော့ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့များကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေနှင့်အညီ ပြန်လည်ဖွဲ့စည်းနိုင်ရန် စီစဉ် ဆောင်ရွက်ထားခြင်းရှိ/မရှိဟူသော မေးခွန်းကို မေးမြန်းလိုပါသဖြင့် စီစဉ်ဆောင်ရွက်ပေးနိုင်ပါရန် ပန်ကြားအပ်ပါသည်ဆိုပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်သိန်းမှ ညွှန်ကြားရေးမှူးချုပ် ပြည်သူ့လွှတ်တော်ရုံးသို့ ပေးပို့တဲ့မေးခွန်းကို ကျွန်တော်တို့ လက်ခံရရှိခဲ့ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ဒီမေးခွန်းနဲ့ပတ်သက်ပြီးတော့ ဖြေဆိုနိုင်ဖို့အတွက် ပြင်ဆင်လာခဲ့ခြင်း ဖြစ်ပါတယ်။ သို့သော်လည်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ထပ်ဆင့်မေးခွန်းတွေမှာပါရှိတဲ့၊ ဒီမေးခွန်းထဲမှာ ထပ်ပြီးတိုးချဲ့မေးထားတဲ့ ဥက္ကဋ္ဌ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီ ထည့်သွင်းဖွဲ့စည်းမှုနှင့်ပတ်သက်ပြီး ကျွန်တော်တို့ မူလပြင်ဆင်ထားချက်အရ ဆက်စပ်ပြီး ဖြေကြားသွားမှာဖြစ်ကြောင်း ဦးစွာရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေပုဒ်မ ၈ ပုဒ်မခွဲ(က)မှာ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့တွေကို ဖွဲ့စည်းတဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ဥက္ကဋ္ဌ၊ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော လွှတ်တော်ကိုယ်စားလှယ်မှ ကျန်သောလွှတ်တော် ကိုယ်စားလှယ်များအဖွဲ့ဝင်၊ အမှုဆောင်အရာရှိ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ သို့မဟုတ် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်၊ မြို့နယ်ဦးစီးမှူး ကျေးလက် ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနအဖွဲ့ဝင်၊ ဥက္ကဋ္ဌ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက် အကူပြု ကော်မတီအဖွဲ့ဝင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဌာန အတွင်းရေးမှူးနှင့် ဖွဲ့စည်းဖို့ဖြစ်ပါတယ်။ ဒါကြောင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေး ရန်ပုံငွေဥပဒေပုဒ်မ ၈ နှင့်အညီ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့ကို လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့အစည်းများအဖြစ် မြို့နယ် အလိုက် ဖွဲ့စည်းဆောင်ရွက်မည်ဖြစ်ကြောင်း ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံးကို ပြည်ထောင်စုလွှတ်တော် ရုံး၏ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၆ ရက် ရက်စွဲပါစာအမှတ်၊ ၇/၁၃/၉-၅၃(ပထစ)၂၀၁၆ ဖြင့် ပန်ကြားထားခဲ့ကြောင်း သိရှိရပါတယ်။ ထိုသို့ပန်ကြားထားမှုတွေဟာ ပြည်ထောင်စုလွှတ်တော်ရုံးရဲ့ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်စွဲပါ စာအမှတ်အရ မြို့နယ်ပေါင်း ၃၃၀ ရှိတဲ့အနက်မှာ မြို့နယ်ပေါင်း ၁၄၆ မြို့နယ်မှာ

မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့များကို ဖွဲ့စည်းထားရှိပြီးဖြစ်ကြောင်း သိရှိရသည့်အတွက် ကိုယ်စားလှယ်တော်ကြီး၏မူလမေးခွန်းအား လက်ရှိမှာ မြို့နယ်ပေါင်း ၁၄၆ မြို့နယ်ကို ဖွဲ့စည်းထားရှိပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ထပ်ဆင့်ဖြည့်စွက်ပြီးမေးထားတဲ့မေးခွန်းအရ ကျွန်တော်တို့ မူလလွှတ်တော်ရဲ့ မေးခွန်းတွေကို ဖြေကြားခဲ့တဲ့ နိုင်ငံတော်သမ္မတရုံးရဲ့ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့ စာအမှတ်၊ ၁၀၈-၁/၈/သမ္မတရုံးကနေပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကို ပေးပို့ခဲ့တဲ့ ရည်ညွှန်းစာကို ကိုးကားပြီး ကျွန်တော် ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတရုံးမှ အမိန့်ကြော်ငြာစာအမှတ်၊ (၂၇/၂၀၂၆) ၏ ၂၀၁၃ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့တဲ့ မြို့နယ်နှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီများ ဖွဲ့စည်းထားခဲ့ပြီး နိုင်ငံတော်သမ္မတရုံးရဲ့ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်(၂၇/၂၀၁၃) နဲ့ မြို့နယ်နှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီများဖွဲ့စည်းရန် တာဝန်ပေးအပ်ခဲ့ခြင်းကို ၂၀၁၆ ခုနှစ် ဇွန်လ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်(၃၇/၂၀၁၆)ဖြင့် ဖျက်သိမ်းပြီးဖြစ်ပါကြောင်းနှင့် အသစ်ပြန်လည်ဖွဲ့စည်းရန် အစီအစဉ်မရှိသေးပါကြောင်း အကြောင်းကြားထားပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဖွဲ့စည်းရမယ့်ကော်မတီထဲမှာပါရှိနေတဲ့ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီကိုဖွဲ့စည်းနိုင်ဖို့အတွက် ပြန်လည်ဖွဲ့စည်းရန် လတ်တလောအစီအစဉ်မရှိသေးပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျွန်တော် ဒီမေးခွန်းနဲ့ပတ်သက်ပြီးတော့ ကိုယ်စားလှယ်တော်ကြီးများအားလုံး ကို အသိပေးလိုပါတယ်။ ခုနက ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားပြီးတာရှင်းရှင်းလေးပါ။ ပထမရှိခဲ့တဲ့ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့ကို ဖျက်သိမ်းခဲ့တယ်။ ဖျက်သိမ်းခဲ့ပြီးတော့ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းတွေအတွက် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်ကို ပြည်သူ့၊ အမျိုးသား အပါအဝင် ပြည်နယ်/တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ဖွဲ့စည်းဖို့ဆိုပြီးတော့ စာအမှတ်၊ ရက်စွဲတွေနဲ့ သေချာညွှန်ကြားထားပါတယ်။ အဲဒါက ကျွန်တော်တို့ ကိုယ်စားလှယ်တွေက နားလည်ဖို့၊ သဘောပေါက်မှုရှိဖို့ လိုပါတယ်။ ဘာဖြစ်လို့လဲလို့မေးရင် ဒီဟာက ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုး ရေးရန်ပုံငွေဥပဒေနှင့်အညီ ဖွဲ့ခိုင်းထားတာ ဖြစ်ပါတယ်။ ကိုယ်စားလှယ်တွေက ဒေသဆိုင်ရာ ဖွံ့ဖြိုးရေးတွေကို ကိုယ်တိုင်ကိုယ်ကျကြပ်ကြပ်မတ်မတ် လိုအပ်တဲ့နေရာတွေကို သိန်း ၅၀ ထက်မပိုတဲ့ ကိစ္စတွေလုပ်ပေးနိုင်ဖို့ ညွှန်ကြားထားတာ။ ညွှန်ကြားထားတော့ ခုနက မေးခွန်းရှင်က ဘယ်လိုပြော

သလဲဆိုတော့ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေး အဖွဲ့များကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေနှင့်အညီ ပြန်လည်ဖွဲ့စည်းဖို့။ အဲဒီမြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့တွေဆိုတာ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေနှင့်အညီ ဖွဲ့ရတဲ့အဖွဲ့တွေ မဟုတ်ဘူး။ အဲဒီမေးခွန်းမှာကိုက ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေနှင့်အညီ ပြန်ဖွဲ့စည်းဖို့ဆိုပြီး ဒီတစ်ခု၊ နောက်တစ်ခုက ဘာလဲလို့မေးရင် ဖွဲ့တဲ့အထဲမှာ မြို့နယ်စည်ပင်သာယာရေးတွေပါတယ်။ မြို့နယ်အုပ်ချုပ်ရေးပိုင်းတွေပါတယ် စသည်ဖြင့် တချို့နေရာတွေဆိုလို့ရှိရင် မြို့နယ်ဆည်မြောင်းတွေပါတာ ပေါ့စသည်ဖြင့် ဌာနဆိုင်ရာတွေပါတယ်။ အဲဒီလိုပါရင် အဲဒီလူတွေနဲ့၊ ကိုယ်စားလှယ်တွေနဲ့က ဒီ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေနှင့်အညီ အဲဒီ ဖွံ့ဖြိုးရေးလုပ်ငန်းတွေဖွဲ့ရမယ်။ အခုနက ဟိုတုန်းကရှိခဲ့တဲ့ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့ ဥက္ကဋ္ဌက ဒီကိုယ်စားလှယ်တွေဖွဲ့တဲ့အဖွဲ့မှာ အဖွဲ့ဝင်တစ်ဦးပဲ အဲဒီအဖွဲ့ဝင်တစ်ဦးမပါတာနဲ့ဖွဲ့ခွင့် မရတော့ဘူးလား။ မဖွဲ့နိုင်တော့ဘူးလား။ အခု မြို့နယ်ပေါင်း ၃၃၀ လောက်ရှိတယ်။ ၁၁၀ ကျော်ဖွဲ့ပြီးလို့ ခုနက ပြည်ထဲရေးဝန်ကြီးဌာနကဖြေပြီး ၂၂၀ ကျော်ကဘာဖြစ်လို့မဖွဲ့နိုင်သေးတာလဲ။ ဒီဘတ်ဂျက်က ကျွန်တော်တို့ တကယ်ပြောရမယ်ဆိုရင် ၃၁ ရက်နေ့အပြီး ဒီလုပ်ငန်းတွေကို ဆောင်ရွက်ပြီးဖြစ်ရမှာ။ မတ်လ ၃၁ ရက်နေ့အပြီး ဒီလုပ်ငန်းတွေကို အကောင်အထည်ဖော် ဆောင်ရွက်ပြီးဖြစ်ရမှာ။ ဆောင်ရွက်ပြီးဖြစ်တဲ့အခါကျတော့ ဖွဲ့ပြီးတဲ့အခါမှာ၊ ဖွဲ့ပြီးတဲ့အဲဒီ ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီတွေက ကိုယ်စားလှယ်တွေအပါအဝင် အစည်းအဝေးထိုင်။ ကျေးရွာတွေက တင်တဲ့စာရင်းတွေ၊ စာရင်းတွေရှိမယ်။ အဲဒီစာရင်းတွေ၊ စာရင်းတွေကို အစည်းအဝေးမှာ အများသဘောတူ ဆုံးဖြတ်ရွေးချယ်။ ဆုံးဖြတ်ရွေးချယ်ပြီးလို့ရှိရင် ပြည်ထောင်စုဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေး အဖွဲ့ကိုပို့ရမယ်။ ကိုယ်ဟာကိုယ်လုပ်လို့မရသေးဘူး။ ပို့ရမယ်။ ပို့ပြီးတဲ့အခါကျတော့ အဲဒီကနေစိစစ်၊ ဒီလုပ်ငန်း ပမာဏနှင့် ဒီငွေကြေးနှင့် ဒီတန်ဖိုးနှင့် ဟုတ်၏၊ မဟုတ်၏။ မှန်၏၊ မမှန်၏ စိစစ်၊ စိစစ်ပြီးလို့ဒီက အတည်ပြုပြီးပြီဆိုတော့မှ မြို့နယ်ပြန်ချပေး။ အဲဒီတော့မှ လုပ်ခွင့်ရှိတယ်။ ဒီက တစ်ခုနှစ်ခုကိုအတည် မပြုသေးရင် ပြန်ပြင်ခိုင်းတယ်၊ အတည်မပြုနိုင်သေးရင် အတည်မပြုသေးရင် အစားထိုးခိုင်းမယ်။ အဲဒါကိုတစ်ခါပြန်တင်။ ပြန်တင်ပြီးအားလုံး အတည်ပြုပြီးပြီဆိုတော့မှ ငွေကိုလည်း ထုတ်ခွင့်ရမယ်။ ဘဏ်မှာ။ အဲဒီတော့မှ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းတွေ လုပ်ခွင့်ရမယ်။ လုပ်ပြီးရုံနဲ့မပြီးသေးဘူး။ လုပ်ပြီးတဲ့အခါမှာ အခုနကမြို့နယ်မှာ ကိုယ်လုပ်တဲ့ကော်မတီက စာရင်းအင်းနားလည်တတ်ကျွမ်းတဲ့ ပုဂ္ဂိုလ်တွေနဲ့ ကိုယ်လုပ်ထားတဲ့စာရင်းက မှန်လား၊ မှားလား။

အဲဒီအပေါ်မှာ စာရင်းတွေပြန်စစ်၊ စစ်ပြီးတဲ့ အခါကျတော့ ပါဝင်တဲ့လူတွေက ဥက္ကဋ္ဌအပါအဝင်၊ အဖွဲ့ဝင်တွေ၊ အတွင်းရေးမှူးတွေ အဲဒီကော်မတီမှာ ပါတဲ့လူတွေက လက်မှတ်ထိုး။ လက်မှတ်ထိုးပြီး တော့မှ ပြည်ထောင်စုစာရင်းစစ်ဘက်ကို၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီကိုတင်ရတာ။ တင်ပြီး တော့အဲဒီကနေပြီးတော့ လုပ်ငန်းတစ်ခုချင်း အလိုက် မှန်၏၊ မှား၏။ ငွေအပိုအလိုရှိ၏၊ မရှိ၏။ မှန်မှန်ကန်ကန်လုပ်လား၊ မလုပ်ဘူးလား။ ပေးတဲ့ငွေနဲ့ တန်ရာတန်ကြေးရှိလား၊ မရှိလား။ အကုန် စာရင်းကိုအတည်ပြု၊ အတည်မပြုနိုင်သေးရင် ပြန်ပြီးလုပ်ခိုင်းသေးတယ်။ တစ်ထွာပဲလိုလို၊ တစ်မိုက် ပဲလိုလို၊ တစ်တောင်ပဲလိုလို ပြန်လုပ်ခိုင်းသေးတယ်။ ပြန်လုပ်ခိုင်းပေးပြီးတော့မှ အတည်ပြုပြီဆိုတော့မှ ဒီကနေပြီးတော့ ပြည်ထောင်စုစာရင်းစစ်ချုပ်ဘက်ကိုပို့။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဘက်ကနေ သက်ဆိုင်ရာတိုင်းဒေသကြီး/မြို့နယ်တွေကို ပြန်ပြီးတော့ ဒီစာရင်းကို နောက်ကနေ ပြန်ပြီးတော့ လိုက်စစ်ခိုင်း။ ဒီလိုစနစ်တကျလုပ်ရမယ်။ ဒါဟာ ကျွန်တော် ဘာလို့ဒီလုပ်ငန်းစဉ်ကို ပြောပြလဲဆိုတော့ အချိန်သိပ်မရှိတော့ဘူး။ လုပ်ဖို့ပြောနေတာက တကယ်ပြောမယ်ဆိုလို့ရှိရင် ပြီးခဲ့တဲ့ လွှတ်တော် သက်တမ်းမှာကတည်းက ဒီဟာကိုဆုံးဖြတ်ခဲ့တယ်။ ပေးဖို့လုပ်ခဲ့တယ်။ တကယ်ပြောရင် ဧပြီလ၊ မေလ ကတည်းကိုက ဒါတွေကစာရင်းတင်နိုင်ရင် လုပ်ပေးဖို့ဖြစ်နေတယ်။ အခုဆိုလို့ရှိရင် စက်တင်ဘာလ ထဲရောက်နေပြီ။ မြို့နယ် ၂၂၀ ကျော်ကစာရင်းတွေမတင်နိုင်သေးဘူး။ ဒီဟာလည်း စာရင်းတွေ မှန်လား၊ မှားလား မပြုစုနိုင်သေးဘူး။ ပြန်မချပေးနိုင်သေးဘူး။ ငွေမထုတ်ပေးနိုင်သေးဘူး။ လုပ်ရမယ့် အချိန်ဘယ်လောက်ရှိတော့လဲ။ တက်သုတ်ရိုက်လုပ်လို့မရသေးဘူး။ (၁၀) ရက်လုပ်ရမယ့်အလုပ်ကို ပြီးရော နှစ်ရက်၊ သုံးရက်နဲ့လုပ်လို့ရှိရင် စံချိန်စံညွှန်းလည်းမီမှာ မဟုတ်ဘူး။ ကျောက်သားလည်း ကိုက်မှာ မဟုတ်ဘူး။ လမ်းခင်းတယ်ဆိုပါတော့။ ကျောက်သားကိုက်မှ နောက်ဆက်ခင်းလို့ရမယ်။ ကျောက်သား မကိုက်ဘဲနဲ့ အကုန်လောင်းလောင်းလောင်းလိုက်လို့ရှိရင် လေးရက်၊ ငါးရက်နဲ့ပျက်မှာ ပဲ။ ပိုက်ဆံကုန်တာ ပဲအဖက်တင်တယ်။ အဲဒီလိုဆို ကိုယ်စားလှယ်တွေမှာ တာဝန်ရှိတယ်။ အဲဒီတော့ ကျွန်တော်တို့က ဒီအဖွဲ့ဝင်တစ်ဦးလေးမပါနိုင်တာနဲ့ ဒါဖွဲ့လို့မရတော့ဘူးလား။ အဲဒါ ဥပဒေနှင့်မညီ တော့ဘူးလား။ ဖျက်ထားတဲ့အဖွဲ့ မပါတဲ့ဟာကို ဖျက်ထားတဲ့အဖွဲ့မပါမရှိ၊ ထားပစ်ခဲ့ပေါ့။ ရှိတဲ့လူနဲ့ဖွဲ့ ပေါ့။ ဖွဲ့ပြီးစာရင်းတွေတင်ပေါ့။ ကျန်တဲ့မြို့နယ်တွေလည်း ဒီလိုပဲလုပ်နေတာပဲ။ အဲဒါ ကျွန်တော်တို့ ကိုယ်စားလှယ်တွေ အခု ဝန်ကြီးဌာနကဖြေတော့ ၂၂၀ လောက်ကျန်တယ်။ ၁၁၀ ကျော်ပဲရသေးတယ်။ အချိန်မီလုပ်ကြပါ။ ဒါက ပြည်ထောင်စုလွှတ်တော်ရဲ့ ပြည်ထောင်စု ဖွံ့ဖြိုးရေး ရန်ပုံငွေအတွက် ကိုယ်စားလှယ်တွေ ကိုယ့်ဒေသမှာ၊ ကိုယ့်မဲဆန္ဒရှင်မိဘ ပြည်သူတွေကို ကိုယ်တတ်နိုင်တဲ့ဘက်က

တစ်ပိုင်တစ်နိုင်ပြန်ပြီးတော့ အထောက်အပံ့ပြုဖို့ ချပေးတဲ့ ရန်ပုံငွေ အဲဒါလေးတော့ ကျွန်တော်တို့ ကိုယ်စားလှယ်တွေ မြန်မြန်ထက်ထက်အကောင်အထည် ဖော်ကြပါ။ စာရင်းမြန်မြန် ထက်ထက်တင်ပါ။ ဒီကြားထဲမှာ တင်တိုင်းလည်းရတာမဟုတ်ဘူး။ ပြန်ပြင်ချင်စရာရှိလည်း ပြင်ရ ဦးမယ်။ ပြင်ပြီးတော့မှ တစ်ခါငွေချပေးမှာ ငွေချပေးတော့မှ ငွေရောက်မှလည်း ထုတ်ပေးရမှာ။ ဒီနေ့တင် နက်ဖြန်ငွေချပေး မှာလည်းမဟုတ်ဘူး။ လုပ်ငန်းစဉ်တွေက အများကြီးရှိတယ်။ အဲဒါကြောင့်မို့လို့ မတင်ရသေးတဲ့ သက်ဆိုင်ရာမဲဆန္ဒရှင်က ကိုယ်စားလှယ်တွေကတော့ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေး ရန်ပုံငွေဥပဒေအရ ချပေးထားတဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေအတွက်ကိုတော့ အားထုတ်ပြီးတော့၊ အားစိုက် ပြီးတော့ ကြိုးပမ်းဆောင်ရွက်ကြပါလို့ ဒါအခု ကျွန်တော် တစ်ဆက်တစ်စပ်တည်း ဒီမေးခွန်းနှင့် ပတ်သက်ပြီးတော့ တိုက်တွန်းလိုပါတယ်။

**သာပေါင်းမြို့နယ် ကျွန်းလျားကြီးအုပ်စုနှင့် သစ်ဖြူအုပ်စုဒေသခံများအပါအဝင် အများပြည်သူများ အတွက် လုံခြုံရေးအထောက်အကူပြုရဲကင်းထားရှိပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သာပေါင်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းထွန်း(သာပေါင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ဧည့်သည်တော် များနှင့် တာဝန်ရှိပုဂ္ဂိုလ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ သာပေါင်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းပါ။ အဲဒီတော့ ကျွန်တော့်မေးခွန်းနှင့်ပတ်သက်လို့ ကျွန်တော် အနည်းငယ်တင်ပြပါမယ်။ ကျွန်တော်တို့သာပေါင်းမြို့နယ်ရဲ့ အနောက်ဘက်မှာ ရခိုင်ရိုးမ ရဲ့တောင်စွယ်ရှိပါတယ်။ ရခိုင်ရိုးမတောင်စွယ်ရဲ့အနောက်ဘက်မှာဆိုရင် ကျွန်တော် ခုနက မေးခွန်း မေးမယ့် ကျွန်းလျားကြီးအုပ်စုနှင့် သစ်ဖြူအုပ်စုဆိုတာရှိပါတယ်။ အဲဒီတော့ ကျွန်းလျား ကြီးအုပ်စုနှင့် သစ်ဖြူအုပ်စုဟာ ဒီအုပ်စုနှစ်စုရဲ့ ဧရိယာစတုရန်းမိုင်ဟာ ၃၆၈ စတုရန်းမိုင်လောက်ရှိ ပြီးတော့ တော်တော်လေးလည်းကျယ်ဝန်းပါတယ်။ နောက်ပြီးတော့ ဒီဒေသမှာ တည်နေတဲ့ရွာတွေ ဟာလည်း သူတို့က ချောင်းတွေ၊ မြောင်းတွေရဲ့ထိပ်မှာ ရွာတွေက တည်တဲ့အခါကျတော့ လမ်းပန်း ဆက်သွယ်ရေး တွေလည်း တော်တော်အခက်အခဲရှိပါတယ်။ အဲဒီတော့ ဒီကျေးရွာအုပ်စုနှစ်စုရဲ့ အရှေ့ဘက်မှာ ဆိုရင်တော့ ကျိန္တလီကြိုးဝိုင်းရှိပါတယ်။ အနောက်မြောက်ဘက်မှာဆိုရင်တော့ ရွှေသောင်ယံ မြို့နယ်ခွဲနှင့် ဘင်္ဂလာပင်လယ်အော်ရှိပါတယ်။ တောင်ဘက်မှာဆိုရင်တော့ သာပေါင်း မြို့မရဲစခန်းပိုင်

နယ်မြေဖြစ်ပြီးတော့ မြောက်ဘက်မှာဆိုရင်တော့ ရခိုင်ပြည်နယ်၊ ဂွမြို့နယ်ရှိပါတယ်။ အဲဒီတော့ ဒီအခြေအနေမျိုးမှာ အုပ်ချုပ်ရေးပိုင်းဆိုင်ရာတွေမှာ၊ လုံခြုံရေးပိုင်းဆိုင်ရာတွေမှာ အခက်အခဲတွေ တော်တော်ရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ ဒီအုပ်စုနှစ်စုရဲ့ လမ်းပန်း ဆက်သွယ်ရေး အခြေအနေဟာ လမ်းတွေကကျကျနနမရှိတဲ့အခါကျတော့ ခရီးသွားရတဲ့အခါမှာ ဘာတွေသွား တွေ့လဲဆိုတော့ မနက် ၈ နာရီကနေ ညနေ ၄ နာရီအထိလောက် သွားလို့ရပါတယ်။ ဘာကြောင့်လဲ ဆိုတော့ ဆင်အန္တရာယ်ရှိပါတယ်။ နောက်တစ်ချက်ကလည်း တယ်လီဖုန်းကြေးနန်း ဆက်သွယ်ရေး အခြေအနေတွေမှာလည်း ဘာတွေသွားတွေ့ရလဲဆိုတော့ CDMA 450 တစ်ခုပဲ သုံးလို့ ရတယ်။ ကျန်တာသုံးလို့မရဘူး။ ဒီလိုအခက်အခဲတွေရှိတယ်။ နောက်ဒီဒေသမှာ ခုနက ဒီအုပ်ချုပ်ရေး ပိုင်းဆိုင်ရာတွေ၊ လုံခြုံရေးပိုင်းဆိုင်ရာတွေ ဆောင်ရွက်တဲ့အခါမှာ ခုနက ပြည်သူ့စစ်တို့၊ မီးသတ်တို့၊ ဆယ်အိမ်မှူးတို့နဲ့ လုပ်တဲ့အခါမှာ ဒေသခံတွေအနေနဲ့ စားဝတ်နေရေးကလည်း အခက်အခဲရှိတဲ့အခါ မှာ ဒီကိစ္စတွေလုပ်ရဆောင်ရွက်ရတာ တော်တော်လေးကို အခက်အခဲတွေသွားတွေ့နေရပါတယ်။ အဲဒီတော့ ဒီမေးခွန်းနှင့်ပတ်သက်လို့ ဥက္ကဋ္ဌကြီးကတစ်ဆင့် ကျွန်တော်ပြောချင်တဲ့ အချက်ကတော့ ဒီအခြေအနေမျိုးမှာ ကျွန်တော်တို့ ဘာသွားတွေ့ရလဲဆိုတော့ လုံခြုံရေးဆိုင်ရာတွေ၊ အုပ်ချုပ်မှုဆိုင်ရာ တွေ အားနည်းလာတာတွေ့ရပါတယ်။ ၂၀၁၅ ခုနှစ် မေလမှာ ရခိုင်ပြည်နယ်က သဲချောင်းဒုက္ခသည် စခန်းနှင့် သက္ကယ်ကျင်းဒုက္ခသည်စခန်းက ဘင်္ဂါလီလူမျိုး ၁၄ ဦးက ရေလမ်းကနေ ခိုးဝင်လာပါတယ်။ ခိုးဝင်လာတဲ့အခါကျတော့ ကျေးရွာအုပ်ချုပ်ရေးမှူးတွေ၊ နောက် ဒေသခံပြည်သူတွေ ပူးပေါင်းဆောင် ရွက်ပြီးတော့ အချိန်မီဖမ်းဆီးပြီးတော့ ပြစ်ဒဏ်တွေပေးနိုင်ခဲ့ပါတယ်။ အဲဒီတော့ ဆိုလိုချင်တာက ကျွန်တော်တို့ ဒီဒေသဟာ သာပေါင်းမြို့ရဲ့ ရဲစခန်းနဲ့ဆိုရင် အနီးဆုံးကျေးရွာဟာ ၁၆ မိုင်လောက် ကွာဝေးပြီးတော့ ခုနက သစ်ဖြူအုပ်စုဆိုရင်တော့ ၄၅ မိုင်လောက်ကွာဝေးပါတယ်။ ကျွန်တော်တို့ မြို့နယ်ရဲ့ နဂိုတုန်းက မြို့နယ်အတွင်းမှာရှိတဲ့ မန်ကျည်းစင်ကျေးရွာအုပ်စု၊ မန်းကျည်းစင်ကျေးရွာမှာ ရဲကင်းရှိပါတယ်။ အဲဒီရဲကင်းဟာ ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့မှာ လွှဲပြောင်းပေးခဲ့လိုက် ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရွှေသောင်ယံမြို့နယ်ခွဲဖြစ်သွားလို့ပါ။ အဲဒီတော့ ကျွန်တော်တို့ ဒီဒေသဟာ အုပ်ချုပ်မှုဆိုင်ရာ၊ လုံခြုံမှုဆိုင်ရာ အခက်အခဲတွေသွားတွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်မေးချင်တဲ့မေးခွန်းကတော့ ကျွန်းလျားကြီးအုပ်စုနှင့် သစ်ဖြူအုပ်စု ဒီဒေသမှာရှိတဲ့ အများ ပြည်သူတွေအတွက်၊ လုံခြုံရေးအတွက်၊ အုပ်ချုပ်ရေးအတွက် လုံခြုံရေးအထောက်အကူပြုရဲကင်း

ထားရှိပေးဖို့ အစီအစဉ်ရှိ/မရှိကို ကျွန်တော်မေးမြန်းခြင်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ သာပေါင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းမေးမြန်းတဲ့ ကြယ်ပွင့်ပြ မေးခွန်းအပေါ်မှာ ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးမှ ရှင်းလင်း ဖြေကြားသွားမှာဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ သာပေါင်းမြို့နယ်ကို ရပ်ကွက်သုံးခု၊ ကျေးရွာအုပ်စု ၆၇ စု၊ ကျေးရွာပေါင်း ၃၉၄ ရွာနဲ့ ဖွဲ့စည်းထားပြီး အိမ်ခြေ ၃၅၅၇၉ အိမ်၊ အိမ်ထောင်စု ၃၆၆၀၀ ခုနဲ့ လူဦးရေအားဖြင့် စုစုပေါင်း ၁၄၆၇၆၆၈ ဦးရှိကြောင်းသိရှိရပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးမေးမြန်းခဲ့တဲ့ ကျွန်းလျားကြီးကျေးရွာအုပ်စုနဲ့ သဲဖြူကျေးရွာအုပ်စုတို့ဟာ တစ်ဆက်တစ်စပ်တည်း တည်ရှိပြီးတော့ သာပေါင်းမြို့နယ် သာပေါင်းမြို့မရဲစခန်းအပိုင်နယ်မြေထဲမှာရှိကြောင်းလည်း တွေ့ရှိရပါတယ်။ မြေပုံမြေပြင်မြေအနေအထားတွေကို အသေးစိတ်လေ့လာပြီး ကျွန်းလျားကြီးနှင့် သစ်ဖြူကျေးရွာအုပ်စုတို့ရဲ့ မြေအနေအထားနှင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့ဒေသဖြစ်တဲ့အတွက်ကြောင့်မို့လို့ နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆောင်ရွက်နိုင်ဖို့အတွက် သာပေါင်းမြို့မရဲစခန်းရဲ့ လက်ရှိရှိနေတဲ့ အင်အားပေါ်မူတည်ပြီး ရဲတပ်ဖွဲ့ဝင်အင်အား ၁+၅ ဦးကို ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့ကနေစတင်ပြီးတော့ ကျွန်းလျားကြီးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးမှာ အခြေပြုပြီး သက်ဆိုင်ရာနယ်မြေရဲ့ လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးလုပ်ငန်းတွေကို စတင်ဆောင်ရွက်လျက်ရှိကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**သပိတ်ကျင်းမြို့နယ်အတွင်းရှိ ဝက်သေကျေးရွာနှင့် ဖက်ရှည်ကျေးရွာအား နယ်နိမိတ်ဧရိယာ ပြင်ဆင်ဖွဲ့စည်းခြင်းကိစ္စကို ပြန်လည်စိစစ်ပေးရန်နှင့် သတ်မှတ်ရွာမြေကို မြေစာရင်းပုံစံ(၁၀၅)နှင့်တကွ ကျေးရွာပိုင်ဧရိယာ သတ်မှတ်ကျောက်တိုင်စိုက်ထူပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သပိတ်ကျင်းမဲဆန္ဒနယ်မှ ဒေါက်တာအောင်နိုင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**မူကြမ်း**

**ဒေါက်တာအောင်နိုင်(သပိတ်ကျင်းဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်နိုင် ဖြစ်ပါတယ်။ ကျွန်တော် မေးချင်တဲ့မေးခွန်း ကတော့ သပိတ်ကျင်းမြို့နယ်အတွင်းမှာရှိတဲ့ ဝက်သေကျေးရွာနှင့် ဖက်ရှည်ကျေးရွာ နှစ်ရွာအား ရွာမြေကို မူလနယ်နိမိတ်ဧရိယာအတိုင်း ပြန်လည်ပြင်ဆင်သတ်မှတ်ပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိနှင့် သတ်မှတ်ရွာမြေကို မြေစာရင်းပုံစံ(၁၀၅)နှင့်တကွ ကျေးရွာပိုင်ဧရိယာ သတ်မှတ်ကျောက်တိုင် စိုက်ထူ ပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိနှင့်ပတ်သက်တဲ့ မေးခွန်းဖြစ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၈၀ ခုနှစ်ပတ်ဝန်းကျင်မှအစပြု၍ သပိတ်ကျင်းမြို့နယ် တောင်ဘက် ပိုင်း သစ်တောကြိုးဝိုင်းအတွင်းမှာ ရွှေ၊ သတ္တုတူးဖော်တွေ့ရှိရာမှအစပြု၍ ရွှေတောရယ်လို့ အမည် တွင်လာပြီးတော့ ဒေသအနှံ့မှရောက်ရှိလာကြကာ ကြိုးဝိုင်းအတွင်း ခုတ်ထွင်ရှင်းလင်းပြီး နေထိုင်လာ ကြရာမှ လက်ရှိကျေးရွာအများအဖြစ် ပေါ်ထွန်းလာကြပါတယ်။ သစ်တောကြိုးဝိုင်းအတွင်း ပြည်ထဲ ရေးအမည်မပေါက်သေးတဲ့ကျေးရွာများ အမည်ပေါက်ရရှိရေးအတွက် မြို့နယ်သစ်တောဦးစီးဌာနမှ ကွင်းဆင်းစစ်ဆေးချက်အစီရင်ခံစာကို ၂၀၁၀ ခုနှစ်မှာ ထုတ်ပြန်ခဲ့ပါတယ်။ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့မှာ ပြည်ထဲရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာထုတ်ပြန်ပြီးတော့ သပိတ်ကျင်းမြို့နယ် အတွင်းမှာရှိတဲ့ ကျေးရွာအုပ်စုသုံးအုပ်စုနှင့် ကျေးရွာပေါင်း ၂၄ ရွာကို တိုးချဲ့ပြင်ဆင်ဖွဲ့စည်းပြီးတော့ ဖွဲ့စည်းလိုက်တဲ့အခါမှာ အဲဒီအထဲမှာ ကျွန်တော်တို့ မေးခွန်းထဲမှာပါတဲ့ ဝက်သေကျေးရွာနှင့် ဖက်ရှည် ကျေးရွာ နှစ်ရွာဟာလည်း ပြည်ထဲရေးအမည်ပေါက်ကျေးရွာများအဖြစ် ပါဝင်လာပါတယ်။ ထိုကျေးရွာ နှစ်ရွာဟာ ကပ်လျက်တစ်ဆက်တည်း တည်ရှိတဲ့ရွာများဖြစ်ကြပြီးတော့ ရွာရဲ့ပတ်ဝန်းကျင်မှာ ရွှေ၊ သတ္တုတူးဖော်တဲ့ကုမ္ပဏီများ အများအပြားတည်ရှိပါတယ်။ ကျွန်တော်တို့ ကျေးရွာနှစ်ရွာဟာ ကျေးရွာ မြေပုံကြမ်းရှိသော်လည်းပဲ မြေစာရင်းပုံစံ(၁၀၅)နှင့်တကွ ကျေးရွာပိုင်ဧရိယာ သတ်မှတ်ကျောက်တိုင် စိုက်ထူထားခြင်း ယနေ့အထိ မရှိတဲ့အတွက်ကြောင့် ကျေးရွာပတ်ကျင်းမှာရှိတဲ့ ရွှေ၊ သတ္တုတူးဖော်တဲ့ ကုမ္ပဏီများနှင့် ဒေသခံကျေးရွာသူ ကျေးရွာသားများအကြားမှာ ရွာမြေဧရိယာဟာက ဘယ်ဟာ၊ ရွှေလုပ်ကွက်က ဘယ်ဟာဆိုတာ ရှင်းရှင်းလင်းလင်းမသိရတဲ့အပေါ်မှာ အကြောင်းပြုပြီးတော့ အငြင်းပွားရာမှ ထိပ်တိုက်တွေ့ဆုံပဋိပက္ခဖြစ်မှုများ မကြာခဏဖြစ်ပေါ်ကြပါတယ်။ ရွာမြေက ဘယ်ဥစ္စာ၊ ရွှေသတ္တုလုပ်ကွက်က ဘယ်ဥစ္စာ၊ သစ်တောမြေကဘယ်ဟာ စသဖြင့် ကွဲကွဲပြားပြား တိတိ

ကျကျ သတ်သတ်မှတ်မှတ်ဖြစ်စေဖို့ရာအတွက် သက်ဆိုင်ရာဝန်ကြီးဌာများမှ စီစဉ်ဆောင်ရွက်ပေးဖို့ရာ မေတ္တာရပ်ခံလိုပါတယ်ခင်ဗျား။ သို့မှသာ နောက်နောင် ရွှေတောနယ်မြေမှာ မကြာခဏဖြစ်ပေါ်တတ်တဲ့ မြေပိုင်ဆိုင်မှုအငြင်းပွားရာမှ ရှာခံနှင့် ကုမ္ပဏီ ထိပ်တိုက်တွေ့ဆုံတဲ့ပြဿနာများကို ကြိုတင်ကာကွယ်တားဆီးနိုင်မှာဖြစ်ပါတယ်။ ယခင်အစိုးရလက်ထက် ၂၀၁၄-၂၀၁၅ ခုနှစ်မှာ မူလရှိနှင့်ပြီးသားဖြစ်တဲ့ ၂၀၁၁ ခုနှစ် ပြည်ထဲရေးအမည်ပေါက်ပြီးသား ကျေးရွာမြေဧရိယာတော်တော်များများကို သတ္တုလုပ်ကွက်နှင့် သစ်တောမြေနဲ့ မလွတ်ကင်းဘူးဆိုပြီးတော့၊ ပယ်ဖျက်ပြီးတော့ ဒေသခံပြည်သူလူထုရဲ့ သဘောထားကို မတောင်းခံဘဲနဲ့ ကျေးရွာမြေဧရိယာကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်ပါတယ်။

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့အစည်းအဝေးအမှတ်စဉ်(၂၀/၂၀၁၄)နှင့် (၃၈/၂၀၁၅) မှတ်တမ်းနှင့် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၏ သဘောတူကြောင်း ထောက်ခံချက်အရ ဝက်သေကျေးရွာမြေအား မူလ ၁၅၅.၃၆ ဧကထဲမှ ၇၃.၀၅ ဧကကိုပယ်ဖျက်၍ ၉၃.၄၉ ဧကကို အစားထိုးပေးခဲ့ပါတယ်။ ထိုနည်းတူစွာပဲ ဖက်ရှည်ကျေးရွာမြေကိုလည်း မူလ ၁၅၃.၂၆ ဧကထဲမှ ၄၆.၈၉ ဧကကို ပယ်ဖျက်ပြီးတော့ ၇၉.၈၃ ဧကကို အစားထိုးပေးခဲ့ပါတယ်။ ထိုကျေးရွာများဟာ အိမ်ထောင်စုပေါင်း ၁၀၀၀ ကျော်စီရှိပြီးတော့ လူဦးရေပေါင်း ၄၀၀၀ ကျော်စီခန့်နေထိုင်ကြတဲ့အတွက်ကြောင့် လူဦးရေတိုးပွားလာမှုနှင့်အတူ အိမ်ပူးအိမ်ညှပ်များ၊ နေရာများစွာ လိုအပ်လာပါတယ်။ ကြက်ခြေနီ၊ မီးသတ်၊ မိခင်နှင့်ကလေး၊ နာရေးကူညီမှုစတဲ့ လူမှုရေးအသင်းအဖွဲ့များအတွက်လည်း နေရာအဆောက်အဦအခက်အခဲများ တွေ့လာရပါတယ်။ အစားထိုးပေးတဲ့မြေဧရိယာမှာ ကိန်းဂဏန်းအားဖြင့် ကျယ်ဝန်းလာသည်ဟု ထင်ရသော်လည်း အမှန်တကယ်လူနေထိုင်၍မရနိုင်တဲ့ မတ်စောက်သည့်ချောက်များဖြစ်နေခြင်း၊ ဖယ်ရှားပေးရမည့်ဧရိယာအတွင်း ကျေးရွာဒေသခံနေအိမ်အများအပြားရှိနေခြင်း၊ လုပ်ကွက်သည် လူနေရပ်ကွက်များနှင့် နီးကပ်လွန်းခြင်း စသည့်ပြဿနာများစွာ တွေ့နေရပါတယ်။

ဒေသခံပြည်သူလူထုမှ တိုင်ကြားစာများကိုလည်း အမှုတွဲအနေနဲ့ ယခင်အစိုးရလက်ထက် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ပို့ထားပြီးဖြစ်ပါတယ်။ မူလရွာမြေပြန်လည်ရရှိဖို့အတွက် ယခင်အစိုးရလက်ထက် သမ္မတကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တကွ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် အာဏာပိုင်အဖွဲ့အစည်းများကို တိုင်ကြားစာများ အကြိမ်ကြိမ်ပို့ခဲ့သည်မှာ နှစ်နှစ်ကျော် သုံးနှစ်နီးပါးကြာခဲ့သော်လည်း ယနေ့အချိန်အထိ ပြေလည်မှုမရှိသေးပါ။ ကျွန်တော်မေးလိုတဲ့မေးခွန်းမှာ သပိတ်ကျင်းမြို့နယ်အတွင်းရှိ ဝက်သေကျေးရွာနှင့် ဖက်ရှည်ကျေးရွာ

အား နယ်နိမိတ်ဧရိယာ ပြင်ဆင်ဖွဲ့စည်းခြင်းကိစ္စကို ပြန်လည်စိစစ်ပေးရန်နှင့် သတ်မှတ်ရွာမြေကို မြေစာရင်းပုံစံ(၁၀၅)နှင့်တကွ ကျေးရွာပိုင်ဧရိယာ သတ်မှတ်ကျောက်တိုင်စိုက်ထူပေးရန် အစီအစဉ် ရှိ/မရှိကို သိရှိလိုပါသဖြင့် မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြည်ထဲရေးဝန်ကြီးဌာနမှ ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်နိုင် မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးမှ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့ အမိန့်ကြော်ငြာစာနှင့် မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ် အုံးဖုံးကျေးရွာအုပ်စု အတွင်းမှာရှိတဲ့ ဝက်သေကျေးရွာနှင့် ဖက်ရှည်ကျေးရွာအပါအဝင် ကျေးရွာအုပ်စုသုံးအုပ်စု၊ ကျေးရွာ ၂၄ ရွာကို တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခဲ့ပါတယ်။ ယခုအချိန်မှာ သပိတ်ကျင်းမြို့နယ်ကို မြို့နှစ်မြို့၊ ရပ်ကွက် ငါးခု၊ ကျေးရွာအုပ်စု ၂၂ စု၊ ကျေးရွာ ၇၀ နှင့် ဖွဲ့စည်းထားရှိပြီး အုံးဖုံးကျေးရွာအုပ်စုကို အုံးဖုံးကျေးရွာနှင့် ဝက်သေကျေးရွာ၊ ဖက်ရှည်ကျေးရွာအပါအဝင် ကျေးရွာရှစ်ရွာနှင့်လည်း ဖွဲ့စည်းထားရှိပြီးဖြစ်ပါတယ်။ သစ်တောရေးရာဝန်ကြီးဌာနမှ ၂၀၁၁ ခုနှစ်၊ မေလ ၂၄ ရက်နေ့ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်(၁၀၇/၂၀၁၁)နှင့် အုံးဖုံးကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ ကျေးရွာရှစ်ရွာမှ သစ်တောကြိုးဝိုင်းမြေအတွင်း ရောက်ရှိနေတဲ့မြေနေရာတွေကို ကြိုးဝိုင်းသစ်တောမြေအဖြစ်မှပယ်ဖျက်ခဲ့တဲ့အခါမှာ ဝက်သေကျေးရွာရဲ့မြေဧရိယာ ၁၅၅.၃၆ ဧက၊ ဖက်ရှည်ကျေးရွာမြေဧရိယာ ၁၅၃.၂၆ ဧကတို့ ပါဝင်ကြောင်း စိစစ်တွေ့ရှိရပါတယ်။ သပိတ်ကျင်းမြို့နယ် ဝက်သေကျေးရွာနှင့် ဖက်ရှည်ကျေးရွာတို့ရဲ့ ကျေးရွာမြေဧရိယာတွေဟာ သတ္တုတွင်းဝန်ကြီးဌာနမှ ခွင့်ပြုမိန့်ထုတ်ပေးထားတဲ့ သတ္တုတူးဖော်ရေး ကုမ္ပဏီများရဲ့ ရွှေလုပ်ကွက်တွေနဲ့ထပ်နေတဲ့အတွက် ပြန်လည်တိုင်းတာသတ်မှတ်ပေးရန် လိုအပ်ကြောင်း စိစစ်တွေ့ရှိရတဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၄ နှင့်အညီ ကျေးရွာမြေနေရာ ပြင်ဆင်ဖွဲ့စည်းနိုင်ရေးအတွက်ကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန် ပြည်ထဲရေးဝန်ကြီးဌာနက၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့မှာ မန္တလေးတိုင်းဒေသကြီးသို့

အကြောင်းကြားခဲ့ပါတယ်။ ထိုသို့အကြောင်းကြားခဲ့မှုအပေါ် ထပ်ဆင့်တင်ပြချက်အရ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်နေ့မှာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ညွှန်ကြားရေးမှူးခေါင်းဆောင်ပြီး သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များပါဝင်တဲ့ ရွာမြေအမှန်အတည်ပြုသတ်မှတ်ရေးကွင်းဆင်းအဖွဲ့ကို ဖွဲ့စည်းပြီးတာဝန်ပေးဖွဲ့စည်းခဲ့ကြောင်း စိစစ်တွေ့ရှိရပါတယ်။ ဒါ့အပြင် သပိတ်ကျင်းမြို့နယ်၊ ဝက်သေကျေးရွာနှင့် ဖက်ရှည်ကျေးရွာအတွင်းမှာ သတ္တုတွင်းဝန်ကြီးဌာနမှ ရွှေသတ္တုတူးဖော်လုပ်ကိုင်ခွင့်ချထားပေးတဲ့ လုပ်ကွက်တွေဟာ ရွာမြေအတွင်း ကျူးကျော်နေတဲ့အတွက် ရွာမြေပြန်လည်ရရှိရေး ကျေးရွာသူကျေးရွာသားတွေက တိုင်ကြားခြင်းနှင့်ပတ်သက်ပြီး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်နေ့မှာ မန္တလေးတိုင်းဒေသကြီး သစ်တောနှင့်သတ္တုဝန်ကြီး ဦးဆောင်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များပါဝင်တဲ့ ဝက်သေ၊ ဖက်ရှည်ဒေသအငြင်းပွားမှု စိစစ်ဖြေရှင်းရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေး ဆောင်ရွက်ခဲ့ကြောင်းလည်း သိရှိရပါတယ်။ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့ ပြန်လည်တင်ပြချက်အရ အငြင်းပွားမှုစိစစ်ရေးအဖွဲ့ရဲ့ စိစစ်တွေ့ရှိချက်များနှင့်ပတ်သက်၍ ပြည်ထဲရေးဝန်ကြီးဌာနသို့ ညှိနှိုင်းပေးပို့လာခဲ့ပါတယ်။ ပေးပို့ချက်များမှာတော့ ပထမအချက်အနေနဲ့ ဝက်သေကျေးရွာရဲ့ ၂၀၁၁ ခုနှစ်မတိုင်မီက အမှန်တည်ရှိသောရွာမြေဟာ ၈၈.၅၅ ဧကရှိပြီး ကုမ္ပဏီများရဲ့ရွှေသတ္တုလုပ်ကွက်များမှာ ၂၀၀၆ ခုနှစ်မှစ၍ သတ္တုတွင်းဝန်ကြီးဌာန၏ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၁၁ ခုနှစ်မှာ ရွာမြေအဖြစ် တိုင်းတာသတ်မှတ်ရာ ၂၀၀၆ ခုနှစ်ကတည်းက ခွင့်ပြုချက်ဖြင့်လုပ်ကိုင်နေသည့် ကုမ္ပဏီများ၏ရွှေသတ္တုလုပ်ကွက်ဧရိယာများကို ရွာမြေအတွင်းထည့်သွင်းလိုက်သည့်အတွက် ဝက်သေကျေးရွာမြေဧရိယာ ၁၅၅.၃၆ ဧက ဖြစ်ပေါ်လာခဲ့ကြောင်း၊ ဒုတိယအချက်အနေနဲ့ ဖြတ်ချေကျေးရွာရဲ့ ၂၀၁၁ ခုနှစ်မတိုင်မီအမှန်တကယ်တည်ရှိသောရွာမြေဟာ ၁၁၉.၈ ဧကရှိပြီး ၂၀၁၁ ခုနှစ်မှာ ရွာမြေအဖြစ်တိုင်းတာသတ်မှတ်ရာမှာ ၂၀၀၆ ခုနှစ်ကတည်းက ခွင့်ပြုချက်ဖြင့်လုပ်ကိုင်နေသည့်ကုမ္ပဏီများ၏ ရွှေသတ္တုလုပ်ကွက်များ ရွာမြေအတွင်းထည့်သွင်းလိုက်တဲ့အတွက် လက်ရှိကျေးရွာရဲ့မြေဧရိယာဟာ ၁၅၃.၂၆ ဧက ဖြစ်ပေါ်လာကြောင်း မန္တလေးတိုင်းဒေသကြီးအစိုးရမှ အကြောင်းကြားလာခဲ့ပါတယ်။

ထိုသို့ တင်ပြလာမှုအရ ပြည်ထဲရေးဝန်ကြီးဌာနမှ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့မှာ ဝက်သေကျေးရွာနှင့် ဖက်ရှည်ကျေးရွာတို့ရဲ့ မြေနေရာနှင့်စပ်လျဉ်းပြီး ပြင်ဆင်ဖွဲ့စည်းလိုမှုအား ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၄ နှင့်အညီ မန္တလေးတိုင်းဝန်ကြီးချုပ်၏ ထောက်ခံချက်ဖြင့် နိုင်ငံတော်သမ္မတ

ရုံးသို့ တင်ပြဆောင်ရွက်ရန်နှင့် နိုင်ငံတော်သမ္မတရုံး၏ သဘောထားမှတ်ချက်တောင်းခံလာမှုအပေါ် ပြည်ထဲရေးဝန်ကြီးဌာနမှ စိစစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ပြန်ကြားခဲ့ပါတယ်။ ၎င်း ဆောင်ရွက်မှုအရ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေနဲ့ သစ်တောနှင့်သတ္တုဝန်ကြီး ဦးဆောင် တဲ့ အဖွဲ့က သုံးကြိမ်ကွင်းဆင်းပြီး နောက်ဆုံးပေါ်နည်းစနစ်များနဲ့ တိုင်းတာစစ်ဆေးပြီး မန္တလေးတိုင်း ဒေသကြီးအစိုးရအဖွဲ့ရဲ့ ပုဒ်မ ၅၄ နှင့်အညီ အမှုတွဲပြုစုဆောင်ရွက်ခဲ့ပါတယ်။ ပတ်ဝန်း ကျင်ထိန်း သိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနကလည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့ပြီး ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်နေ့ အမိန့်ကြော်ငြာစာအမှတ် (၅၇၉/၂၀၁၅)နဲ့ ဝက်သေ ကျေးရွာ မြေဧရိယာ ၁၇၅.၈ ဧက၊ ဖက်ရှည်ကျေးရွာမြေဧရိယာ ၁၈၆.၂ ဧကတို့ကို သစ်တော ကြိုးဝိုင်း မြေဧရိယာအတွင်းမှ ထပ်မံပြင်ဆင်ပယ်ဖျက်ပေးခဲ့ပြီးတော့ သစ်တောရေးရာဝန်ကြီးဌာနရဲ့ ၂၀၁၁ ခုနှစ်၊ မေလ ၂၄ ရက်နေ့ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်(၁၀၇/၂၀၁၁) ကို လွှမ်းမိုးပယ်ဖျက် ခဲ့ကြောင်း တွေ့ရှိရပါတယ်။

ပြည်ထဲရေးဝန်ကြီးဌာနမှ ၂၀၁၆ ခုနှစ်၊ မတ်လ ၁ ရက်နေ့ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် (၅၉၂/၂၀၁၆) ဖြင့် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့နယ်၊ အုံးဖုံးကျေးရွာ အုပ်စုအတွင်းမှ ယာမြေဧရိယာ ၁၅၅. -- ဧကရှိတဲ့ ဝက်သေကျေးရွာကို သတ္တုလုပ်ကွက် သစ်တော မြေနှင့် လွတ်ကင်းမှုမရှိသော ယာမြေဧရိယာ ၇၃.၅ ဧကကိုပယ်ဖျက်ပြီး သတ္တုလုပ်ကွက်နဲ့ လွတ်ကင်း တဲ့သစ်တောမြေမှ ပယ်ဖျက်ပေးခဲ့တဲ့ မြေဧရိယာ ၉၃.၄၉ ဧကကို ကျေးရွာမြေအဖြစ် တိုးချဲ့ပြင်ဆင် ဖွဲ့စည်းခြင်းဖြင့် ဝက်သေကျေးရွာမြေနယ်နိမိတ်ကို ၁၇၅.၈ ဧကဖြင့်လည်းကောင်း၊ ရွာမြေဧရိယာ ၁၅၃.၂၆ ဧကရှိတဲ့ ဖက်ရှည်ကျေးရွာကို သတ္တုလုပ်ကွက်သစ်တော်မြေနှင့်လွတ်ကင်းမှုမရှိသော ရွာမြေဧရိယာ ၄၆.၈၉ ဧကကိုပယ်ဖျက်ပြီး သတ္တုလုပ်ကွက်နှင့်လွတ်ကင်းတဲ့ သစ်တောမြေမှ ပယ်ဖျက် ခဲ့သော မြေဧရိယာ ၇၃.၈၃. ဧကကို ကျေးရွာမြေအဖြစ် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းဖြင့် ဖက်ရှည် ကျေးရွာမြေနေရာ နယ်နိမိတ်ဧရိယာကို ၁၈၆.၂ ဧကအဖြစ်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၅၄ နှင့်အညီ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းပေးခဲ့ပါတယ်။

သို့ဖြစ်ပါ၍ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင်၊ သပိတ်ကျင်းမြို့နယ်၊ အုံးဖုံးကျေးရွာ အုပ်စုအတွင်းမှာ ပါရှိတဲ့ ဝက်သေကျေးရွာနှင့် ဖက်ရှည်ကျေးရွာတို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၅၄ နှင့်အညီ ပြင်ဆင်ဖွဲ့စည်းပြီးဖြစ်ပါကြောင်းနှင့် ၂၀၁၁ ခုနှစ်၊ ပြည်ထဲရေးအမည်ပေါက် မူလဧရိယာ နယ်နိမိတ်အတိုင်း ပြန်လည်ပြင်ဆင်သတ်မှတ်ပေးရန်အစီအစဉ် မရှိပါကြောင်းနှင့် ကျေးရွာမြေအနေ

ဖြင့် မြေစာရင်းပုံစံ (၁၀၅) နှင့် ကျေးရွာနယ်နိမိတ်ကျောက်တိုင် စိုက်ထူနိုင်ရေးနှင့်ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ၂၀၁၆ ခုနှစ်၊ မတ်လ ၁ ရက်နေ့ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် (၅၉၂/၂၀၁၆) အရ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းထားသော ရွာမြေဧရိယာအတိုင်းသာ မြေစာရင်းပုံစံ ၁၀၅ နှင့် ကျေးရွာ နယ်နိမိတ် ကျောက်တိုင်စိုက်ထူရေးကိစ္စတို့ကို ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း မန္တလေးတိုင်း ဒေသကြီးအစိုးရအဖွဲ့ရဲ့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ချက်အရ ပြန်လည်ရှင်းလင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါက်တာအောင်နိုင်(သပိတ်ကျင်းမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဆက်တစ်စပ်တည်း မေးခွန်း မေးခွင့်ပြုဖို့ မေတ္တာရပ်ခံပါတယ်ခင်ဗျား။ မေးခွန်းဖြေကြားသွားတဲ့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးကိုလည်း အကျယ်တဝင့်ဖြေကြားသွားတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်။ ကျွန်တော့်အနေနဲ့လည်း ကျွန်တော် သိထားတဲ့အကြောင်းအချက်ကလေးတချို့ တင်ပြခွင့်ပြုပါခင်ဗျား။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)ရဲ့ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့မှာ ညွှန်ကြားချက် ထွက်လာပါတယ်။ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများပြင်ဆင်ဖွဲ့စည်းတဲ့အခါမှာ လိုက်နာ ဆောင်ရွက်ရမယ့်ညွှန်ကြားချက် အပိုဒ် ၁ နှင့် အပိုဒ် ၂။ အပိုဒ် ၁ မှာဆိုရင် (က)မှာ ၂၀၁၆ ခုနှစ်၊ မေလ ၂၄ ရက်နေ့မှာကျင်းပပြုလုပ်တဲ့ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ အစည်းအဝေးအမှတ်စဉ်(၃/၂၀၁၆)၌ မြို့၊ ရပ်ကွက်၊ ကျေးရွာ ပြင်ဆင်ဖွဲ့စည်းခွင့်ပြုရန် တင်ပြခြင်း ကိစ္စနှင့်စပ်လျဉ်း၍ တင်ပြခြင်းများအပေါ် စုပေါင်းဆွေးနွေးခဲ့ရာ စိစစ်တွေ့ရှိချက်များမှာ အောက်ပါ အတိုင်းဖြစ်ပါသည်ဆိုပြီးတော့ (က)မှာ မြို့၊ ရပ်ကွက်၊ ကျေးရွာများပြင်ဆင်ဖွဲ့စည်းခြင်းအား ဖွဲ့စည်းပုံ အခြေခံဥပဒေ ၅၄ နှင့်အညီ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်မှ ထောက်ခံ၍ နိုင်ငံတော်သမ္မတရုံးသို့ တင်ပြဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ (ခ) ယခင်တင်ပြမှုများတွင် ယခင်အစိုးရ အဖွဲ့လက်ထက် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးချုပ်များ၏ ထောက်ခံချက်များသာ ပါဝင်ပြီး ယခုအစိုးရအဖွဲ့လက်ထက် သက်ဆိုင်ရာတိုင်းဒေသကြီးဝန်ကြီးချုပ်များ၏ အတည်ပြုချက် သဘောထားများ ပါဝင်ခြင်းမရှိသည်ကို တွေ့ရကြောင်း၊ (ဂ) မြို့၊ ရပ်ကွက်၊ ကျေးရွာပြင်ဆင်ခြင်းများ ဆောင်ရွက်မည်ဆိုပါက သက်ဆိုင်ရာနယ်မြေရှိ ဒေသခံပြည်သူလူထု၏သဘောထားများ ပါဝင်ရမည် ဖြစ်ပြီး မြေပြင်တွင် လူထုသဘောထားအား အမှန်တကယ် ကောက်ခံဆောင်ရွက်သင့်ကြောင်း၊ ကျွန်တော်က အဲဒီ(ဂ)အချက်အရ ဝက်သေ၊ ဖက်ရှည်ကိစ္စမှာ ကျွန်တော်တို့ အပိုဒ် ၁(ဂ)နဲ့ ဆီလျော်

ညီညွတ်မှုမရှိဘူးလို့ ကျွန်တော့်အနေနဲ့ ယူဆတဲ့အတွက်ကြောင့် ဝန်ကြီးဌာနအနေနဲ့ ဒီ(ဂ)အချက်ကလေးကို ထောက်ထားပြီးတော့ ပြန်လည်စိစစ်ဖို့ ဖြစ်နိုင်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ မေတ္တာရပ်ခံပြီးတော့ ပြန်လည်ပြီး စိစစ်ပြီးစဉ်းစားပေးပါလို့ ကျွန်တော်ပြောကြားလိုပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဖြေကြားပေးပါ။

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ထပ်ဆင့်မေးခွန်းနဲ့ပတ်သက်တဲ့ အပိုဒ်(ဂ)နဲ့ပတ်သက်ပြီး ပြန်လည် ဖြေရှင်းတင်ပြ လိုပါတယ်။ ပြီးခဲ့တဲ့ ဝက်သေကျေးရွာနဲ့ဖက်ရှည်ကျေးရွာတို့ကို ကျေးရွာမြေ သတ်မှတ်ရေးနှင့် ပတ်သက်ပြီး ကျွန်တော်တို့ ညှိနှိုင်းဆောင်ရွက်တဲ့အခါမှာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဟာ ၂၀၁၄ ခုနှစ်၊ မတ်လ ၅ ရက်နေ့ မှာ သပိတ်ကျင်းမြို့ ဝက်သေ၊ ဖက်ရှည်ကျေးရွာအရေးကို လှုပ်ရှား နေကြတဲ့ မိုးကုတ်မြို့နယ် ရေပူ ဆရာတော်နဲ့ ဦးမောင်ကြီးပါတဲ့ ဝက်သေ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ ဝင်တွေ၊ ဦးခင်ဝင်းပါ ဖက်ရှည် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်တွေနဲ့တွေ့ဆုံပြီး အသေးစိတ်ညှိနှိုင်း ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း လည်း မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ တင်ပြချက်အရ ကျွန်တော်တို့ တွေ့ရှိရပါတယ်။ ဒီလို ရင်းရင်းနှီးနှီးစိတ်ရှည်စွာဖြင့် ရှင်းလင်းချပြခဲ့တဲ့အတွက် ဝက်သေ ကျေးရွာမှာနေတဲ့ ဦးမောင်ကြီးပါ ဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် ဖက်ရှည်ကျေးရွာ ဦးခင်ဝင်းပါ ဖွံ့ဖြိုးရေးကော်မတီဝင်တွေက ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းတွေဆောင်ရွက်ပေးဖို့အတွက် အချက်ကိုးချက်ကို တင်ပြတောင်းဆိုခဲ့ကြောင်းလည်း သိရှိရပါတယ်။ ဒီလိုတင်ပြတောင်းဆိုခဲ့ပြီးတဲ့ ညှိနှိုင်း အဆင်ပြေမှု ပေါ်မှာ မူတည်ပြီးတော့ လက်ရှိ နောက်ဆုံးပြဋ္ဌာန်းခဲ့တဲ့ ကျေးရွာမြေ သတ်မှတ်ပြဋ္ဌာန်းရေးကို ဆောင်ရွက်ခဲ့ကြောင်းလည်း သိရှိရပါ တယ်။ ဒီညှိနှိုင်းဆွေးနွေးခဲ့တဲ့ ကျေးရွာမြေညှိနှိုင်းမှုမှာ ကျွန်တော်တို့ အချက်ကိုးချက် ဆွေးနွေးခဲ့ပါ တယ်။ အဲဒီအချက်ကိုးချက်ကိုလည်း ကျွန်တော် အကျဉ်းချုပ်လေးတင်ပြပါ့မယ်။

ပထမအချက်ကတော့ တိုင်းဒေသကြီးအစိုးရအဖွဲ့က စီမံခန့်ခွဲပေးတဲ့ရွာမြေဧရိယာအကျယ်အဝန်းကို ပြည်ထဲရေးအမည်ပေါက်ဖြင့် အမြန်ဆုံးသတ်မှတ်ပေးဖို့ဖြစ်ပါတယ်။ ဒါလည်း ကျွန်တော်တို့ သတ်မှတ်ပေးပြီးဖြစ်ပါတယ်။ မတ်လ ၁ ရက်နေ့မှာသတ်မှတ်ပေးပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကိုယ်စားလှယ်ကြီး ထပ်ဆင့်မေးခွန်းထဲမှာပါတဲ့အတိုင်းပဲ ဒါဟာ ကျွန်တော်တို့ မတ်လ ၁ ရက်နေ့ဖြစ်တဲ့အတွက် လက်ရှိအစိုးရကာလမဟုတ်ပါဘူး။ ပြီးခဲ့တဲ့အစိုးရကာလဖြစ်တဲ့အတွက် ပြီးခဲ့တဲ့ သက်ဆိုင်

ရာတိုင်းဒေသကြီးဝန်ကြီးချုပ်ရဲ့ အတည်ပြုထောက်ခံချက်လည်း ပါရှိပြီးဖြစ်တယ်လို့ ကျွန်တော် အတည်ပြု ဖြေကြားလိုပါတယ်။ နောက် တိုးချဲ့ပေးမယ့်ရွာမြေနဲ့ပတ်သက်ပြီး လူနေအိမ်တွေ ဆောက်လုပ်ရန်၊ နေထိုင်ဖို့အတွက် မြေမျက်နှာပြင်ပြုပြင်ပေးဖို့ ဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီး ရဲ့ မူလမေးခွန်းထဲမှာလည်းပါပါတယ်။ ကျွန်တော် နောက်ပြင်ဆင်သတ်မှတ်ပေးလိုက်တဲ့မြေထဲက ထပ် တိုးပေးတဲ့ဧရိယာတွေဟာ ကုန်းစောင်းတွေဖြစ်နေတဲ့အတွက် ဒါကိုလည်း မြေဖို့ခြင်း၊ မြေညှိခြင်းတွေ ကို ကျွန်တော်တို့ လူနေထိုင်တဲ့နေရာတွေအထိဖြစ်အောင် ဆောင်ရွက်ပေးမယ်လို့လည်း တိုင်းဒေသကြီး အစိုးရက ညှိနှိုင်းထားပြီးဖြစ်ပါတယ်။ နောက် ရွာမြေနဲ့ကုမ္ပဏီကြားမှာ ကြားခံမြေ ပေ ၄၀ နယ်ခြား လမ်းသတ်မှတ်ပေးဖို့၊ ရွာနဲ့ကုမ္ပဏီတွေရဲ့လုပ်ကွက်ကြားထဲမှာလည်း မြေဧရိယာတွေရောထွေးနေတဲ့ အတွက် ဒါလေး ကျွန်တော်တို့ ပေ ၄၀ ရှိတဲ့နယ်ခြားလမ်းတွေကို သတ်မှတ်ပေးဖို့ဆိုပြီးတော့ ညှိနှိုင်း ထားခဲ့ပါတယ်။ ဒီညှိနှိုင်းချက်အပေါ်မှာလည်း ကျွန်တော်တို့ လက်ရှိမေးခွန်းအပေါ်မှာ ပြင်ဆင်မှု ရှိ/မရှိ ကျွန်တော်တို့စောင့်နေတဲ့အတွက် ဒါလည်းမြေပြင်မှာ ဆောင်ရွက်နိုင်ခြင်းမရှိသေးပါဘူး။ ကျွန်တော်တို့ အတည်ပြုချက်ရရင်ဆက်လက်ဆောင်ရွက်မယ်လို့ တိုင်းဒေသကြီးအစိုးရတင်ပြချက် အရ သိရပါတယ်။ နောက် မန္တလေးတိုင်းဒေသကြီးအတွင်းမှာ ချထားပေးလျက်ရှိတဲ့ တိုက်နယ်ဆေးရုံ ကိုးရုံအနက်ကနေပြီးတော့ သပိတ်ကျင်းမြို့နယ်မှာရရှိမယ့် တိုက်နယ်ဆေးရုံတစ်ရုံလိုအပ်ချက်အရ ဝက်သေကျေးရွာသို့ ချထားပေးဖို့ဆိုပြီးပြောပါတယ်။ ဒါနဲ့ပတ်သက်လို့လည်း တိုက်နယ်ဆေးရုံအတွက် ဧရိယာ ၅.၁၂ ဧကကို ပုံစံ(၁၀၅)၊ (၁၀၆)ရရှိရေး ဆောင်ရွက်ပြီးဖြစ်တဲ့အတွက် ခွင့်ပြုချက်ရရှိရေး အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနကိုလည်း တင်ပြထားရှိပြီးဖြစ်ကြောင်း သိရှိရပါတယ်။ ဒါ့အပြင် ကျေးရွာမှာရှိတဲ့ လူနေအိမ်ခြေ ၂၄ နာရီလျှပ်စစ်မီးရရှိရေးအတွက် ကုမ္ပဏီများရဲ့ ပံ့ပိုးမှုများအတိုင်း တိုင်းဒေသကြီးအစိုးရကနေ ကျေးလက်ဖွံ့ဖြိုးရေးအစီအစဉ်တစ်ရပ်အဖြစ် အမြန်ဆုံး အကောင်အထည်ဖော်ပေးရန်နဲ့ ဒီအချက်ကိုညှိနှိုင်းခဲ့ပါတယ်။ ဒီလိုညှိနှိုင်းတဲ့အခါမှာ ထာဝရကုမ္ပဏီ က ဝက်သေကျေးရွာတစ်ခုလုံးကို မီးစက်နဲ့အချိန်ပိုင်းလျှပ်စစ်ဓာတ်အားဖြန့်ဝေပေးခြင်း၊ For Love ကုမ္ပဏီက 9 Meter ကွန်ကရစ်တိုင် ၂၅ လုံး၊ ၃၅၀ ကေဗွီအေ ထရန်စဖော်မာနှစ်လုံး ကျေးရွာတွေမှာ ချထားပြီးဖြစ်ကြောင်းနှင့် မီးလင်းရေးအတွက်လည်း တိုင်းဒေသကြီးအစိုးရကနေ ဆက်လက်ကြပ်မတ် ဆောင်ရွက်လျက်ရှိကြောင်းလည်း သိရှိရပါတယ်။

နံပါတ်(၆)အချက်အနေနဲ့ကတော့ ကျွန်တော်တို့ ကျေးရွာသူကျေးရွာသားများအတွက် လက်လုပ်လက်စား တစ်ပိုင်တစ်နိုင်လုပ်ကွက်များ ချထားပေးရန်နှင့် သီးခြားစားကျက်မြေများ ချထား

ပေးရန်လည်း အဲဒီတုန်းကညှိနှိုင်းခဲ့တယ်လို့ သိရှိရပါတယ်။ ဒါနဲ့ လက်လုပ်လက်စားနှင့်တစ်ပိုင်တစ်နိုင်လုပ်ကွက်တွေ ချထားပေးဖို့ကတော့ ကျွန်တော်တို့ ပြည်ထောင်စုသယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနရဲ့ အစီအစဉ်အတိုင်းပဲ ဆောင်ရွက်သွားမှာဖြစ်ကြောင်းလည်း ညှိနှိုင်းထားရှိကြောင်း သိရှိရပါတယ်။ ယခုနှစ်မှာတော့ ကျေးရွာမီးဘေးကြိုတင်ကာကွယ်ရေးအတွက် သင့်လျော်တဲ့မီးသတ်မော်တော်ယာဉ် ဆောင်ရွက်ပေးဖို့လည်း ညှိနှိုင်းခဲ့ပါတယ်။ မီးသတ်ကြိုတင်ကာကွယ်ရေးအတွက် အရန်မီးသတ်ကိုတော့ ဖွဲ့စည်းထားပြီးဖြစ်ပါတယ်။ မီးသတ်ယာဉ်တော့ မရရှိသေးပါဘူး။ သို့သော်လည်း ကုမ္ပဏီတွေကလှူဒါန်းထားတဲ့ အရေးပေါ်လူနာတင်ယာဉ်တော့ ကျေးရွာကို လှူဒါန်းထားပြီးဖြစ်ကြောင်းလည်း သိရှိရပါတယ်။

နံပါတ်(၈)အချက်မှာတော့ နိုင်ငံတော်အစိုးရမှချပေးတဲ့ အစိုးရမူလတန်းကျောင်းအတွက် လိုအပ်တဲ့အဆောက်အဦနှင့် ကျောင်းသုံးပရိဘောဂများဆောင်ရွက်ပေးဖို့ဆိုရင် ဒီအတွက် ကျွန်တော်တို့ ဝက်သေကျေးရွာမူလတန်းကျောင်းမှာ အဆောက်အဦနဲ့ပရိဘောဂတွေကို ထာဝရကုမ္ပဏီက လှူဒါန်းထားတယ်လို့သိရပါတယ်။ ဒို့အပြင် နိုင်ငံတော်ကခန့်အပ်ပေးထားတဲ့ ဆရာဆရာမခြောက်ဦးနှင့် ထာဝရကုမ္ပဏီကနေငှားပေးထားတဲ့ ဆရာဆရာမလေးဦးတို့နဲ့ စုစုပေါင်းကျောင်းသားကျောင်းသူ ၂၂၅ ဦးတို့လည်း လက်ရှိပညာသင်ကြားလျက်ရှိကြောင်းလည်း သိရှိရပါတယ်။ နောက် ပြည်ထဲရေးအမည်ပေါက်ရရှိပြီးပါက ကျန်ရှိနေတဲ့ရွာအနီးမှာ ကုမ္ပဏီများအသုံးမပြုတော့တဲ့မြေတွေကို ရွာမြေအဖြစ် ပြန်လည်တိုးချဲ့ဖွဲ့စည်းပေးရန်ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့တော့ ကျွန်တော်တို့ သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ Mine Closure မိုင်းပိတ်သိမ်းပြီးတဲ့နောက်ပိုင်းမှာ လုပ်ဆောင်ရတဲ့စီမံကိန်းတွေအရ သက်ဆိုင်ရာဝန်ကြီးဌာနရဲ့စီမံချက်နှင့်အညီ ဆောင်ရွက်ရမယ့်လုပ်ငန်းစဉ်ဖြစ်ကြောင်းလည်း သိရှိရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ အဓိကတင်ပြလိုတာကတော့ ၂၀၁၄ ခုနှစ်၊ မတ်လ ၅ ရက်နေ့မှာ ဝန်ကြီးချုပ်ပါဝင်တဲ့ ကျေးရွာဒေသခံပြည်သူများနဲ့ တွေ့ဆုံညှိနှိုင်းမှုတွေကိုလည်း ဆောင်ရွက်ခဲ့ပြီးမှ ကျေးရွာမြေသတ်မှတ်ခြင်းကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။

**မူကြမ်း**

**ပြည်ထောင်စုရှေ့နေချုပ်ရုံးက တင်သွင်းသည့် ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်မရှိ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုရှေ့နေချုပ်ရုံးက တင်သွင်းသော ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (၂၃)ရက်မြောက်နေ့ (၃၀-၈-၂၀၁၆ ရက်နေ့)မှာ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ကိုဖတ်ကြားရှင်းလင်းခြင်း ပြုလုပ်ခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာ ရေးသားဖော်ပြ၍ ၁-၉-၂၀၁၆ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းပေးသွင်းရန် တောင်းခံခဲ့ပြီးလည်း ဖြစ်ပါတယ်။ ယနေ့အထိ ပြင်ဆင်ချက်အဆို တင်သွင်းလာတဲ့ ကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။ ဒါကြောင့် ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်မရှိ အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ တင်ပြချက်အတိုင်း ပြင်ဆင်ချက်မရှိ အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၁ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၆)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

ဒုတိယပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၅ ရက် (တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေး ပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၁၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ကို ၁၁း ၁၅ နာရီအချိန်တွင် ရပ်နားပါသည်။]

**မှူကြမ်း**